# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 June 2025 ၁၁၈၄၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပ** စာမျက်နှာ » ၄

**မြေလျှင်ဘေးဒဏ်များ၏ စီးပွားရေး အခြေအနေအပေါ် သက်ရောက်မှုများ** ဆောင်းပါး စာမျက်နှာ » ၆

**ဘားအံ၌ ရေဘေးသတ္တဝါန်တူ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်** စာမျက်နှာ » ၁၁

**မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ** ဆောင်းပါး စာမျက်နှာ » ၁၆




## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်၊ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် လုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် ကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံပေးခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

## ဝါးခယ်မမြို့၌ အမှိုက်များစနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေး




ဝါးခယ်မ ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဈေးရပ်ကွက် မြူရုံလမ်းနှင့် အထက(၁)၌ ယနေ့မွန်းလွဲ ၁ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်များစနစ်တကျ ခွဲခြားစွန့်ပစ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု ဖြစ်ပေါ်လာစေရန်နှင့် လူမှုပတ်ဝန်းကျင်၏ ညစ်ညမ်းမှုအခြေအနေမှ လျော့ကျစေရန်ရည်ရွယ်ပြီး အသိပညာပေးသရုပ်ပြခြင်းကို ဆောင်ရွက်ခြင်းဖြစ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စာမျက်နှာ ၄ ကော်လံ ၅ သို့

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၁၄

| | | |
|---|---|---|
| ထားဝယ် | ၅ ဒသမ ဝ၄ | လက်မ |
| စစ်တွေ | ၄ ဒသမ ၅၂ | လက်မ |
| မြိတ် | ၃ ဒသမ ၉၄ | လက်မ |
| ကျိုက္ခမီ | ၃ ဒသမ ၂ဝ | လက်မ |
| မြစ်ကြီးနား | ၂ ဒသမ ၈၇ | လက်မ |
| ရေး | ၂ ဒသမ ၈၃ | လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၇၆ | လက်မ |
| မိုးညှင်း | ၂ ဒသမ ၆၄ | လက်မ |

ကြေးမုံ

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပရေး မဲစာရင်းမှန်ကန်ရေး အခြေခံအကျဆုံးဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို ပြည်ထောင်စုတစ်ဝန်းလုံးတွင် အလေးထားဆောင်ရွက်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည့်ကာလကို ၂၀၂၅ ခုနှစ်အကုန်တွင်ကျင်းပနိုင်ရန် အသိပေးပြောကြားထားပြီးဖြစ်သည်။ ကျင်းပတော့မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံအတွင်းရှိ မြို့နယ်အများစုတွင် ရွေးကောက်ပွဲကျင်းပနိုင်ရန် ကနဦးလျာထားကြောင်း အချက်အလက်များအရ သိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မြို့နယ် ၃၃၀ ရှိပြီး ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများအရ မြို့နယ်အားလုံး ကျင်းပနိုင်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ချန်လှပ်ထားခဲ့ရသော မြို့နယ်များလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ မဲပေးခွင့်ရှိသည့် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်အခွင့်အရေးများမဆုံးရှုံးအောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရန် အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန်လိုအပ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာတွင် ရုံးလက်ခံအိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များအတိုင်း တစ်အိမ်တက်ဆင်း ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့သည်။ ဆောင်ရွက်ရာတွင် မြေပြင်တွင်နေထိုင်ခြင်းမရှိသော်လည်း ရုံးလက်ခံအိမ်ထောင်စုစာရင်းတွင် ပယ်ဖျက်ထားခြင်းမရှိသူများ၊ လူတစ်ဦးတည်းက အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုထက်မက ပါဝင်နေသူများ၊ နိုင်ငံသားစိစစ်ရေးနံပါတ်တစ်ခုထက်မက ကိုင်ဆောင်နေသူများကို တွေ့ရသည်။

အိမ်ထောင်စုလူဦးရေစာရင်းတွင် မပါဝင်သူများကိုလည်း ယာယီအိမ်ထောင်စုလူဦးရေစာရင်းဖြင့် စာရင်းကောက်ယူခဲ့သည်။ နိုင်ငံတော်၏ ပကတိလူဦးရေစာရင်းနှင့်ပတ်သက်၍ ထိုကဲ့သို့ တရားဝင်အိမ်ထောင်စုစာရင်းပါ၊ စာရင်းပို၊ စာရင်းပျောက်သူများနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်စိစစ်ပြီး အတည်ပြုလူဦးရေစာရင်းတစ်ခုဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်အရ သတ်မှတ်ထားသည့် သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ထိုသို့ လူဦးရေစာရင်းကွာဟမှု ရှိတတ်မှုများကိုအကြောင်းပြု၍ ၂၀၂၀ ပြည့်နှစ်တွင် အာဏာရနိုင်ငံရေးပါတီကြီးတစ်ခုက မဲမသမာမှုများပြုလုပ်ကာ အနိုင်ရအောင် ပြုလုပ်ခဲ့သည်ကို သင်ခန်းစာယူပြီး ယခုအခါ မဲစာရင်းများမှန်ကန်မှုရှိစေရေး စနစ်တကျဆောင်ရွက်လျက်ရှိသည်။ မြေပြင်ကွင်းဆင်းအတည်ပြု လူဦးရေစာရင်းနှင့် သန်းခေါင်စာရင်းလူဦးရေသည် ကာလအားဖြင့် နှစ်နှစ်ခန့် ကွာခြားနေပြီဖြစ်ရာ လူဦးရေကွာဟချက်အခြေအနေများကို သိရှိနိုင်ရေးနှင့် အချက်အလက်ပိုမိုပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းနှင့် ရုံးရှိစာရင်းနှစ်ခုကို မြို့နယ်အဆင့်မှသည် အခြေခံကျကျ အဆင့်ဆင့်စနစ်တကျ နှိုင်းယှဉ်သုံးသပ် တိုက်ဆိုင်စစ်ဆေး၍ မဲစာရင်းတိကျမှန်ကန်မှုရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေအရ ရွေးကောက်ပွဲဝင်ရောက်မည့် နိုင်ငံရေးပါတီများ အသင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးပါတီများ တည်ထောင်ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပခြင်းတွင် မဲစာရင်းများမှန်ကန်ရေးနှင့် နိုင်ငံသားများ ဆန္ဒမဲပေးခွင့် အခွင့်အရေးများရရှိရေးသည် အခြေခံကျသည့်အချက်ဖြစ်သည်။ လက်ရှိတွင် ရုံးစာရင်းရှိ လူဦးရေစာရင်းနှင့် မြေပြင်စာရင်းနှစ်ခုကြား ကွာဟချက်များဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အချို့ပြည်သူများအနေဖြင့် မူရင်းဌာနေတွင်မရှိတော့ဘဲ အခြားဒေသများသို့ ရွှေ့ပြောင်းသွားလာလျက်ရှိရာ ၎င်းတို့အတွက် မဲပေးခွင့်ရရှိရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တွင် ချမှတ်ထားသည့်အတိုင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်လျက်ရှိသလို မဲစာရင်းများမှန်ကန်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိရာ အဆိုပါအချက်နှစ်ချက်သည် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးတွင် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးအချက်များဖြစ်သည်။

သို့ဖြစ်ရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံကျသည့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်တိကျရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်အသိအမှတ်ပြုကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဒိုက်ဦးမြို့နယ်၌ မျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်

ဒိုက်ဦး ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သဲဆန်ကုန်းကြောမြေများတွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် မြေပြုပြင်နိုင်ရေးအတွက် မျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ကျိုက်စကော(အရှေ့)ကျေးရွာ တောင်သူဒေါ်ခင်မာ၏ လယ်မြေ၌ဆောင်ရွက်သည်။



**ထောက်ပံ့ပေးအပ်**

ဦးစွာ ခရိုင်စိုက်/ကြပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သဲဆန်ကုန်းကြောမြေတွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေး ယာ-၁၄ မျိုးစပါးနှင့် မြေပြုပြင်နိုင်ရေးအတွက် ထုံးကျောက်မှုန့် ၁၅ ပတ်လည် ကွန်ပေါင်းမြေဩဇာနှင့် နွားချေးတို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ခရိုင်စိုက်/ကြပ် ဥက္ကဋ္ဌက တောင်သူများအား ယခုထောက်ပံ့ပေးအပ်သော မျိုးစပါးနှင့် သွင်းအားစုများကို သတ်မှတ်ထားသော စိုက်ပျိုးနည်းစနစ်များအတိုင်း စနစ်တကျလိုက်နာကျင့်သုံးစိုက်ပျိုး ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် မြို့နယ် စိုက်/ကြပ် ကော်မတီဥက္ကဋ္ဌက တောင်သူများကလည်း မိမိတို့၏ လယ်ယာမြေများကို စနစ်ပြုပြင်ထွန်ယက်၍ သွင်းအားစုများကို စနစ်ကျမှန်ကန်စွာအသုံးပြုရေး၊ မျိုးစပါးများကိုလည်း ဆားရည်စိမ်၍ စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## လျောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၄

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၁၄ ရက်အထိ သေဆုံးသူ ၃၇၅၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၄ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၁၃ ရက် ညနေ ၅ နာရီမှ ဇွန် ၁၄ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စင်ကာပူနိုင်ငံ Lotus Light Charity Society ကလှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက်၊ Buddha Dhamma Mandala Society နှင့် Love and Care Charity Group တို့ကလှူဒါန်းသည့် Sleeping Bag နှင့် ယာယီမိုးကာတဲ အလေးချိန် ၀ ဒသမ ၁၅၂ တန် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့သည့်ပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မရမ်းကုန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

မရမ်းကုန်း ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်စံထွန်းနှင့် ဦးစီးအရာရှိဒေါ်ယုမာလာဌေးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

ကိုရဲ(ပြန်/ဆက်)

### ၁၄ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဦးဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၂

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း MYANSAT DTH ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်မှု သွားရောက်ကြည့်ရှုအားပေး

## နိုင်ငံနှင့်ပြည်သူအတွက် အားကိုးအားထားဖြစ်စေမည့် မီဒီယာလုပ်ငန်းကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန် သုံးထပ်အာရ်စီအဆောက်အအုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်ခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စာဆိုဗိမာန်ကို တာဝန်ယူတည်ဆောက်နေသည့် Myanmar Land & Development Ltd Project Driector တို့က စာဆိုဗိမာန်အဆောက်အအုံ ၅၂ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရန်နှင့် အရည်အသွေးနှင့် ကြံ့ခိုင်မှုအပိုင်းကို အထူးဂရုပြုရန် လိုအပ်ကြောင်း၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့က လည်း အထူးကြပ်မတ်စစ်ဆေးရန်လိုအပ်ကြောင်း၊ စာဆိုဗိမာန်တွင် စာပေ၊ ဂီတ၊ သဘင်နှင့် ပတ်သက်ပြီး ပြသနိုင်ရန် သက်ဆိုင်ရာဏ္ဍအလိုက် ပညာရှင်ကြီးများ၏အကြံဉာဏ်ကို ရယူကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြတိုက်အတွင်း ပြသမည့်ပစ္စည်းများကိုလည်း အချိန်မီစုဆောင်းထားရန်လိုအပ်ကြောင်း၊ စာဆိုဗိမာန်ကို အိန္ဒိယနိုင်ငံအစိုးရ၏အထောက်အပံ့ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ စာဆိုဗိမာန်အဆောက်အအုံကို ခံ့ညားထည်ဝါပြီး ခေတ်မီအဆောက်အအုံဖြစ်ရန် လိုအပ်ကြောင်း၊ စာဆိုဗိမာန်အဆောက်အအုံဝင်း အတွင်း/အပြင်သာယာလှပစေရန် သစ်ပင်၊ ပန်းမာန်အလှပင်များ စနစ်တကျစိုက်ပျိုးထားရှိရေး၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုဆောင်ရွက်ရေး၊ နိုင်ငံတော်အဆင့်အဆောက်အအုံဖြစ်သည့်အပြင် အိန္ဒိယ-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဆောက်အအုံဖြစ်သည့်အတွက် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာဆိုဗိမာန် သုံးထပ်အာရ်စီအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးဝင်းအတွင်းရှိ သီးခြားအဆောက်အအုံ၌ BBTV ကုမ္ပဏီမှ ငှားရမ်း၍ MYANSAT DTH ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ BBTV ကုမ္ပဏီမှ Vice Chairman ဦးသန့်ဇင်က ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ MYANSAT DTH ထုတ်လွှင့်မှုကို အခမ်းအနားဖြင့် ဖွင့်လှစ်၍ ပြည်တွင်းထုတ်လုပ်မှုရုပ်သံလိုင်း ၁၆ လိုင်းနှင့် ပြည်ပထုတ်လုပ်မှုရုပ်သံလိုင်း ၁၄၀ စုစုပေါင်း ရုပ်သံလိုင်း ၁၅၆ လိုင်းကို အခပေးစနစ်ဖြင့် ထုတ်လွှင့်နေကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့တွင် ဖြန့်ချိရေးကိုယ်စားလှယ်များ ထားရှိဆောင်ရွက်နေကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြဋ္ဌာန်းထားရှိသည့် ရုပ်သံထုတ်လွှင့်မှုဥပဒေအပါအဝင် တည်ဆဲအခြားဥပဒေ၊ နည်းဥပဒေများနှင့် Update ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုကို ဂရုပြုလိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြည်ပဇာတ်လမ်းတွဲများ ပြသစဉ် မြန်မာစာတန်းပြေးဖြင့် ဖော်ပြပေးရန် လိုကြောင်း၊ နိုင်ငံနှင့်ပြည်သူအတွက် အားကိုးအားထားဖြစ်စေမည့် မီဒီယာလုပ်ငန်းကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် MYANSAT DTH ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။

သတင်းစဉ်

❂ ရှေ့ဖုံးမှ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၅၅ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသုဝေ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက တစ်ဦးချင်းအချက်အလက်များ ကောက်ယူ၍ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုးနှံရာတွင် အသက် ၁၈ နှစ်နှင့် အထက်ရှိသူများအား ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

သန်းသန်းအေး

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇွန် ၁၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

# အိမ်မဲမြို့နယ်၌ အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲ ကျင်းပ

အိမ်မဲ ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ပေပင်စုကျေးရွာ အောင်သုခဘုန်းကြီးကျောင်း၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အဆင့်မြင့်အပ်ချုပ်စက်သင်တန်းကို မေ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစတင်မျိုးလွင်တို့က သင်တန်းဆင်းအမှာစကားပြောကြားကြသည်။ ဆက်လက်ပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိဒေါ်ဂျူးဟန်နီက အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်ဝါဝင်းထွဋ်က သက်ကြီးဘိုးဘွားထောက်ပံ့မှု၊ ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက်ကလေး ထောက်ပံ့မှုများကို ဆွေးနွေးပြောကြားကြသည်။



အဆိုပါသင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူများအား ဆုချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းနည်းပြအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အိမ်မဲ (ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများစွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်





**နေပြည်တော် ဇွန် ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး တိုင်းဒေသကြီး ကျောက်ဆည် စက်မှုနယ်မြေ အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)၌ ဘိလပ်မြေများထုတ်လုပ်နေမှုနှင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းကိရိယာများ၊ အဆောက်အအုံများ စစ်ဆေးပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းတံတား၊ စက်ရုံ၊ အလုပ်ရုံ၊ သာသနိက အဆောက်အအုံများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောဘိလပ်မြေများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံ၌ တပ်ဆင်ထားသည့် စက်ပစ္စည်းများ၏စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများနှင့် သွင်းအားစုများကို ကြိုတင်ဝယ်ယူစုဆောင်းထားရှိရန်၊ စက်ပစ္စည်းကိရိယာများ၊ အဆောက်အအုံများအား စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထား ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ ပြုပြင်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ မြစ်သားမြို့နယ်ရှိ အမှတ်(၇) အထည်စက်ရုံ (မြစ်သား)ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည် အဆောက်အအုံများ ပြုပြင်နေမှု၊ ချည်မျှင်များ ထုတ်လုပ်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့ရှိ ဖိုးပြုံးချိုရက်ကန်းနှင့် ချည်မျှင်အချောကိုင် ထုတ်လုပ်ခြင်းလုပ်ငန်းတွင် စောင်အမျိုးမျိုး ရက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ငွေကြေး လိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force) နှင့် ဘဏ်များပူးပေါင်း၍ အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ် ပုသိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ငွေကြေးလိမ်လည်မှုများ အချိန်မီတားဆီးရေးနှင့် အရေးယူမှုမြန်ဆန်စေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်ဌာနများဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မှူခင်းရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို အပိုင်းသုံးပိုင်းဖြင့် ကျင်းပဆောင်ရွက်ခဲ့ပြီး ပထမပိုင်းအစီအစဉ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုဖြစ်စဉ်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆက်နွှယ်မှုများကို အများပြည်သူများ သိရှိနားလည်နိုင်စေရန်၊ သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ထိရောက်သည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်နိုင်စေရန်၊ Stakeholder များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်များဖလှယ်ရာတွင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်စေရန်နှင့် လက်တွေ့တွင် ကြုံတွေ့နေရသည့် မှုခင်းဖြစ်စဉ်များကို အခြေခံ၍ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများတွင် AML/CFT ဆိုင်ရာကိစ္စရပ်များ၌ ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာနိုင်စေရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများတွင် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများအား ကြားခံအဖြစ် အသုံးပြုခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဗဟိုဘဏ်အနေဖြင့် AML/CFT ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို အားကောင်းခိုင်မာ လာစေရေး ဆောင်ရွက်လျက် ရှိကြောင်း၊ သို့ရာတွင် စည်းမျဉ်းစည်းကမ်းများ အားကောင်းခိုင်မာရုံဖြင့် မလုံလောက်ဘဲ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့ အစည်းများအနေဖြင့်လည်း ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု Fraud Detection အတွက် AML/CFT Compliance Framework များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့က ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မှုခင်းရဲတပ်ဖွဲ့က အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် သက်ဆိုင်သည့် မှုခင်းဖြစ်စဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယပိုင်းအစီအစဉ်တွင်မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ငွေကြေး လိမ်လည်မှုများအား အချိန်မီတားဆီးရေးနှင့် အရေးယူမြန်ဆန်ရေးအဖွဲ့၏ အကောင်အထည်ဖော်ဆောင်မှု အခြေအနေများကို ပြောကြားပြီး အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်မှ ဦးဇော်လင်းထွဋ်၊ ရိုးမဘဏ်မှ ဦးကျော်စိုးလင်း၊ ကမ္ဘောဇဘဏ်မှ ဦးစိုးကိုကို၊ AYA Bank PCL မှ ဦးမင်းဝင့်ဦး၊ ယူအေဘီဘဏ်မှ ဒေါ်ယဉ်မင်းအေးတို့က အပြန်အလှန်စကားဝိုင်းဖြင့် ဆွေးနွေးခြင်း၊ တက်ရောက်လာသော ဧည့်သည်တော်များ၏ မေးခွန်းများ ပြန်လည်ဖြေကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ တတိယပိုင်းအနေဖြင့် AYA Bank PCL မှ ဦးမြတ်မင်းထင်ကျော်က အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးတွင် AI နည်းပညာ၏အခန်းကဏ္ဍကို ဖော်ထုတ်ဆွေးနွေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါက အွန်လိုင်းငွေကြေး လိမ်လည်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ အပိုထပ်ဆောင်းထိုးနှံ

**ကျုံပျော် ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုထပ်ဆောင်းထိုးနှံပေးခြင်းကို ဧရာမင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များက ပူးပေါင်းပါဝင်ကူညီကြသည်။

ကျုံပျော်မြို့နယ်အနေဖြင့် အသက် ၁၈ နှစ်နှင့်အထက် ၇၅၇၈ ဦးကို ကိုဗစ်ကာကွယ်ဆေး COMIRNATY JN–1 (Grey Cap)ကို ထိုးနှံပေးမည်ဖြစ်ပြီး အသက် ၅ နှစ်မှ ၁၁ နှစ်အထိ ကလေး၂၀၀ အား COMIRNATY XBB,1.5(Orange cap) ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**❒ ဝါးခယ်မမြို့မှ**

ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်သူများအား စွန့်ပစ်အမှိုက်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်ရှိ ဒေသခံပြည်သူများ၊ ဈေးရောင်းဈေးဝယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဘေးအန္တရာယ်ရှိအမှိုက်၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်စသည့် အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရန် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် $2^{nd}$ Cocom နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူးများနှင့်အတူ ဇွန် ၁၀ ရက်မှ ၁၃ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် $2^{nd}$ Cocom နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများ ကျင်းပမည့် Rajama ngala National Stadium၊ ရေကူးကန်၊ Indoor Stadium Huamark၊ THAI Cycling Hall of Fame၊ Archery Field များသို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၂ ရက်ကလည်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဟိုတယ်ခရီးနှင့် အားကစားဝန်ကြီး H.E. Mr. Sorawong Thienthong နှင့်တွေ့ဆုံ၍ မြန်မာအသင်း လာရောက်ယှဉ်ပြိုင်သည့် အားကစားကွင်း၊ အားကစားရုံများ၌




ကြိုတင်ပြင်ဆင်လေ့ကျင့်ခွင့်၊ ပိုမိုထိတွေ့ခွင့်ရရှိစေရေးတို့အတွက် တတ်စွမ်းသမျှကူညီပေးရန် ဆွေးနွေးညှိနှိုင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ $2^{nd}$ Cocom နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Dato Seri Chaiyapak Siriwat၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ H.E. Mr. Sorawong Thienthong နှင့် ထိုင်းအမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ အသစ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ အမျိုးသားကော်မတီဥက္ကဋ္ဌတို့က တက်ရောက်လာသည့် ကောင်စီဝင်များအား တရားဝင်ဖိတ်ကြားလွှာများ ပေးအပ်ခြင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်ကောင်စီအစည်းအဝေး၏ လုပ်ငန်းစဉ်များ သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ၂၀၂၄ ခုနှစ် အစည်းအဝေးမှတ်တမ်းပါ ကိစ္စရပ်များအပေါ် ဆွေးနွေးရှင်းလင်းအတည်ပြုခြင်း၊ SEAGF ရုံး၏ COO ရာထူးကို CEO အမည်အသစ်အဖြစ် ပြန်လည်ခန့်အပ်ရန် အဆိုပြုချက်ကို သုံးသပ်အတည်ပြုခြင်း၊ SEAGF Honorary Membership များအဖြစ် Dr. Varin Tansuphasiri၊ Dato'Low Beng Choo နှင့် Mr. CHAN Seng Heng Christopher သုံးဦးတို့အား ခန့်အပ်ခြင်းနှင့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်ရုံး၏အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပသွားမည့် အားကစားနည်း ၅၀ နှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း၊ အားကစားရုံများ၊ အစီရင်ခံစာနှင့် ရုပ်သံလွှင့်ခြင်းဆိုင်ရာ အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြခြင်းနှင့် ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(South East Asia Games)အမည်ကိုသာ ဆက်လက်ခေါ်ဝေါ်သုံးစွဲသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ပဉ္စမအကြိမ်မြောက် ဆိုချီကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံသို့ တက်ရောက်ဆွေးနွေး

နေပြည်တော် ဇွန် ၁၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ပဉ္စမအကြိမ်မြောက် ဆိုချီကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံ အကြီးအကဲတို့၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ ဆိုချီမြို့၌ ရောက်ရှိနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ဆိုချီမြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် ညီလာခံ၏ အစီအစဉ်များသို့ အခြားသောနိုင်ငံများမှ BWC ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြသည်။

Mayakovsky ခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲ Session No. 1 တွင် မော်စကိုအခြေစိုက် အဖွဲ့အစည်းဖြစ်သော ဥပဒေစည်းကမ်းနှင့် ကျင့်ဝတ်သိက္ခာဆိုင်ရာစနစ်များ (Compliance and Integrity Systems–CIS)၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ အထွေထွေပြဿနာများဌာန (Department of Humanitarian Cooperation, General Political and Social Problems)၏ အကြံပေးပုဂ္ဂိုလ် Ms. Elena Shamal က ဆွေးနွေးပွဲ ညှိနှိုင်းကွပ်ကဲသူအဖြစ် ဆောင်ရွက်ကာ ရုရှားဦးဆောင်သော စုပေါင်းလုံခြုံရေး စာချုပ်အဖွဲ့အစည်း (Collective Security Treaty Organization–CSTO)၊ မော်စကိုအခြေစိုက် လိုက်နာမှုနှင့် ကျင့်ဝတ်သိက္ခာပြည့်ဝမှု စနစ်များ (Compliance and Integrity Systems–CIS)အဖွဲ့၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Shanghai Cooperation Organization–SCO)၊ အာဆီယံ (ASEAN)နှင့် အာဖရိကသမဂ္ဂ (African Union)တို့၏ ဇီဝလုံခြုံမှု လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် ကမ္ဘာ့အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပြီး



ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ဇီဝလုံခြုံမှုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးသည် အဆိုပါဟိုတယ် ညီလာခံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Sergey Ryabkov က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့နယ်၌ အမှိုက်များခွဲခြားစွန့်ပစ်ရန် အသိပညာပေး

မော်လမြိုင် ဇွန် ၁၄

ရောဝတီ တိုင်းဒေသကြီး မော်လမြိုင်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက အမှိုက်များခွဲခြားစွန့်ပစ်ရန် အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း အတွင်း၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဦးသောင်းထိုက်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကို တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းက အမှိုက်



များကို ခွဲခြားစွန့်ပစ်ရန် လိုအပ်ကြောင်းနှင့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိသောအမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အမှိုက်များကို အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်း လက်တွေ့ သရုပ်ပြခြင်းကို ဆက်လက်ပြုလုပ်ရာ တက်ရောက်လာသော မြို့နယ်/ခရိုင်မှ ဌာနဆိုင်ရာများက ဆောင်ရွက်ကြပြီး အထက(၁)နှင့် မြို့မဈေးတို့တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်ဖြိုး(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေး ကတ်များ ကွင်းဆင်းပြုလုပ်ပေး

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာ ဓမ္မာရုံ၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ယနေ့နံနက်ပိုင်းက နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးပြီး နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝအချက်အလက်



ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးလင်းမောင်သက်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# မြေငလျင်ဘေးဒဏ်များ၏ စီးပွားရေးအခြေအနေအပေါ် သက်ရောက်မှုများ

စောနိုင်( အသုံးချဘောဂဗေဒ)

## စိန်ခေါ်မှုအများဆုံး သဘာဝဘေးအန္တရာယ်

ယနေ့ကာလတွင် ကမ္ဘာကြီးသည် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကို ယခင်ကထက် ပိုမိုကြုံတွေ့လာနေရသည်။ ထိုအန္တရာယ်များထဲတွင် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ စီးပွားရေး တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို သိသိသာသာ ခြိမ်းခြောက်နေသည်မှာ မြေငလျင်ဖြစ်သည်။ အဘယ်ကြောင့်နည်း။ မြေငလျင်သည် အခြားသော သဘာဝဘေးအန္တရာယ်များနှင့်မတူဘဲ ကြိုတင်ခန့်မှန်းနိုင်စွမ်း (Predictability) နည်းပါးမှုနှင့် ရှောင်လွှဲနိုင်ရေး (Evitability) ခက်ခဲမှု စသည့်အချက်များကြောင့်ပင်။

ကြိုတင်ခန့်မှန်းရန် မလွယ်ကူခြင်း၊ ရုတ်တရက်ဖြစ်ပေါ်တတ်ခြင်းတို့ကြောင့် မြေငလျင်ဘေးဒဏ် ကြိုတင်ကာကွယ်ရေး၏ အခန်းကဏ္ဍမှာလည်း များစွာအလုပ်မဖြစ်ဟု သုတေသီများက ဆိုသည်။ အထူးသဖြင့် အရေးပေါ်စီမံခန့်ခွဲမှုစနစ်ကျင့်သုံးမှု အားနည်းပြီး အာမခံစနစ်ထွန်းကားမှုမရှိသောနိုင်ငံများတွင် မြေငလျင်ဘေးဒဏ် ကြုံတွေ့ရပါက နိုင်ငံသားတစ်ဦးချင်း၊ အိမ်ထောင်စု၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီမှသည် နိုင်ငံတစ်ခုလုံး၏ မက်ခရိုစီးပွားရေးအခြေအနေ (Macroeconomic Condition) အထိ အခြေအနေအရပ်ရပ်၌ သိသိသာသာ ထိခိုက်မှုများရှိလာတတ်သည်။ စီးပွားရေးပညာရှင်များ၊ သုတေသီများကလည်း မြေငလျင်ဒဏ်သင့်ခဲ့သည့်နိုင်ငံများတွင် စီးပွားရေးကဏ္ဍအပေါ် မည်သို့မည်ပုံ သက်ရောက်ခဲ့သည်ကို နည်းလမ်းအမျိုးမျိုး၊ တွက်ချက်ပုံစံအမျိုးမျိုးတို့ဖြင့် လေ့လာခဲ့ကြပြီးဖြစ်သည်။

## အီတလီမြေငလျင်ဘေးဒဏ်

၁၉၇၆ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များတွင် အီတလီနိုင်ငံဒေသနှစ်ခု၌ မြေငလျင်ကြီးနှစ်ခု လှုပ်ခတ်ခဲ့သည်။ ပထမမြေငလျင်မှာ ၁၉၇၆ ခုနှစ် မေလ ၆ ရက်နေ့တွင် Friuli ဒေသ၌ လှုပ်ခတ်ခဲ့သည့်ငလျင်ဖြစ်ပြီး ဒုတိယမြေငလျင်မှာ ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် Irpinia ဒေသ၌ လှုပ်ခတ်ခဲ့သည့်ငလျင်ဖြစ်သည်။ အဆိုပါဒေသနှစ်ခုတွင်လှုပ်ခတ်ခဲ့သော မြေငလျင်ကြီးနှစ်ခု၏ ဒေသစီးပွားရေးအပေါ် သက်ရောက်မှုများကို အီတလီသုတေသီ Barone နှင့် Mocetti တို့က ၂၀၂၄ ခုနှစ်တွင် လေ့လာမှုပြုလုပ်ခဲ့သည်။ လေ့လာတွေ့ရှိချက်အရ ဒေသနှစ်ခုစလုံး၌ မြေငလျင်ဘေးဒဏ်သည် ပြည်တွင်းထုတ်လုပ်မှု (GDP) အပေါ်၌ ကာလတိုသက်ရောက်မှုအနည်းငယ်မျှသာရှိခဲ့ကြောင်း၊ ရေရှည်ကာလတွင် ဒေသတွင်းထုတ်လုပ်မှုစွမ်းရည်အပေါ်မူတည်၍ အနုတ်လက္ခဏာ သို့မဟုတ် အပေါင်းလက္ခဏာ အကျိုးဆက်သက်ရောက်မှုများရှိလာနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

အကယ်၍ ဘဏ္ဍာရေးအကူအညီ အထောက်အပံ့များရရှိခဲ့ပါက ရေရှည်ကာလ၌ ယခင်ကထက် ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာနိုင်သည်။ သို့သော် မြေငလျင်ဘေးဒဏ်မခံရမီက ရှိခဲ့သည့် အင်စတီကျူးရှင်းဆိုင်ရာ အရည်အသွေးနိမ့်ကျနေပါက ရရှိလာသည့် ဘဏ္ဍာရေးအကူအညီများကြောင့်ပင် အကျင့်ပျက်ခြစားမှု ပိုမိုဖြစ်လာစေရန် စေ့ဆော်သကဲ့သို့ဖြစ်လာနိုင်ခြင်း၊ ဈေးကွက်များ ကမောက်ကမဖြစ်လာနိုင်ခြင်း၊ လူမှုအရင်းအနှီးများ ယိုယွင်းပျက်စီးလာနိုင်ခြင်း စသည့် အနုတ်လက္ခဏာအခြေအနေများလည်း ဖြစ်လာနိုင်ကြောင်း၊ အဓိကအားဖြင့် တည်ရှိနေသည့် အင်စတီကျူးရှင်းဆိုင်ရာ အရည်အသွေးများအပေါ်မူတည်၍သာ နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားမှု၊ လူမှုအရင်းအနှီးမြင့်တက်မှုတွန်းအားများ ဖြစ်ပေါ်လာနိုင်ကြောင်း ကောက်ချက်ချထားသည်။

ထို့ပြင် အီတလီနိုင်ငံ ဒေသ ၉၅ ခုတွင် ၁၉၈၆ – ၂၀၁၁ ကာလအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင် ၂၂ ခုတို့၏ ပြည်တွင်းထုတ်လုပ်မှုကဏ္ဍ၊ အလုပ်အကိုင် အခြေအနေများအပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍လည်း University of Warwick မှ သုတေသီ Porcelli နှင့် Federal Reserve System မှ သုတေသီ Trezzi တို့က ၂၀၁၉ ခုနှစ်တွင် လေ့လာမှုများပြုလုပ်ခဲ့ကြသည်။ ၎င်းတို့၏လေ့လာမှုအရ မြေငလျင်ဘေးဒဏ်သင့်အလွန်ကာလများတွင် ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခြေအနေအပေါ် အပေါင်းလက္ခဏာ သက်ရောက်မှုများရှိခဲ့သည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိခဲ့ကြသည်။ မြေငလျင်ဒဏ်သင့်ဒေသများရှိ လူများက ၎င်းတို့ဒေသ၏ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးထိခိုက်မှုများကို ပြင်းပြသောစိတ်ဓာတ်များဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အားတက်သရော ပိုမိုလုပ်ဆောင်ခဲ့ကြခြင်း၊ ထိုအခြေအနေများမှတစ်ဆင့် ပြည်တွင်းထုတ်လုပ်မှုကဏ္ဍအပေါ်တွင် လည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအပေါ်တွင် လည်းကောင်း အကျိုးသက်ရောက်မှု ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

## ဂျပန်မြေငလျင်ဘေးဒဏ်

၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံ Hanshin ဒေသ၌ မြေငလျင်အကြီးအကျယ်လှုပ်ခတ်ခဲ့သည်။ ထိုမြေငလျင်ကို Hanshin-Awaji ငလျင်ဟု ခေါ်ကြပြီး ကိုဘေးမြေငလျင်ဟုလည်း လူသိများသည်။ Great Hanshin-Awaji ငလျင်သည် ကိုဘေးနှင့် ပတ်ဝန်းကျင်ဒေသများကို ထိခိုက်မှုများဖြစ်စေခဲ့၏။ လူပေါင်း ခြောက်ထောင်ကျော်သေဆုံးခဲ့ပြီး သုံးသိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ကိုဘေးမြေငလျင်ဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာခဲ့သော စီးပွားရေးသက်ရောက်မှုနှင့်ပတ်သက်၍ လေ့လာမှုများထဲတွင် ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် Bank of Japan၊ Institute for Monetary and Economic Studies မှ အကြီးတန်းစီးပွားရေးပညာရှင်၊ တွဲဖက်ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Fujiki၊ University of Southern California စီးပွားရေးပညာဌာနမှ ပါမောက္ခ Hsiao တို့၏ လေ့လာမှုနှင့် University of Hawaii စီးပွားရေးပညာဌာနမှ DuPont နှင့် Noy တို့၏ လေ့လာမှုလည်းပါဝင်သည်။

Fujiki နှင့် Hsiao တို့၏လေ့လာမှုတွင် မြေငလျင်ဒဏ်သည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကာလကြာရှည်သက်ရောက်မှု မရှိဟုတွေ့ရှိခဲ့သော်လည်း DuPont နှင့် Noy တို့ကမူ ဒေသတွင်းရှိ လူတစ်ဦးချင်း ပြည်တွင်းထုတ်လုပ်မှုဂျီဒီပီသည် ဆယ်စုနှစ်တစ်ခုကျော် ကာလအထိ သိသိသာသာ ကျဆင်းမှုရှိခဲ့သည်ဟု ဆိုသည်။ လေ့လာမှုအချို့တွင် ကွဲပြားသောတွေ့ရှိချက်များရှိခဲ့သည်။ သုတေသီအချို့၏ လေ့လာမှုတွင် ကိုဘေးမြေငလျင်သည် ဂျပန်နိုင်ငံစီးပွားရေးနှင့် ကိုဘေးဒေသစီးပွားရေးအပေါ် ရေရှည်သက်ရောက်မှုမရှိခဲ့ဟု ဖော်ပြထားပြီး အခြားလေ့လာမှုတစ်ခုတွင် အဆိုပါမြေငလျင်ဒဏ်သည် ကိုဘေးဒေသ စီးပွားရေးအပေါ် ၁၅ နှစ်ကျော်ကြာမြင့်သည်အထိ ဆက်လက်သက်ရောက်မှုများရှိနေခဲ့သည်ဟု သုံးသပ်ခဲ့ကြသည်။ လေ့လာမှုအချို့၏ ကွဲပြားခြားနားသောတွေ့ရှိချက်များကြောင့် ၁၉၉၅ ဂျပန်မြေငလျင်၏ စီးပွားရေးအရ အကျိုးသက်ရောက်မှုများမှာ ရှုပ်ထွေးသည့်သဘာဝရှိခဲ့သည်ဟု ထုတ်ဖော်ပြောဆိုခဲ့ကြပြီး သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြသည်။

ကိုဘေးငလျင်နောက်ပိုင်းတွင်လည်း မြေငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင်မူ ပြင်းအား ၉ ဒသမ ဝ ရှိသော ငလျင်ကြီးတစ်ခု ဂျပန်နိုင်ငံ အရှေ့မြောက်ဘက်ကမ်းရိုးတန်းတွင် ထပ်မံလှုပ်ခတ်ခဲ့ပြန်သည်။ ဂျပန်သမိုင်းတစ်လျှောက် အကြီးမားဆုံးငလျင်တစ်ခုဟု မှတ်ချက်ပြုကြသည်။ ပြင်းထန်သော မြေငလျင်ဖြစ်ပေါ်ပြီးနောက် နောက်ဆက်တွဲငလျင်များလည်း ဆက်လက်ဖြစ်ပေါ်ခဲ့ပြီး ဂျပန်အရှေ့မြောက်ဘက်ဒေသ၌ ကြီးမားသော ထိခိုက်မှုများရှိခဲ့သည်။

၂၀၁၁ ဂျပန်မြေငလျင်သက်ရောက်မှုနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်တွင် ထုတ်ဝေထားသည့် မူဝါဒသုတေသနစာတမ်းတစ်ခု၌ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ စီးပွားရေးပညာရှင် Caroline Freund နှင့် World Bank မှ သုတေသီပညာရှင်သုံးဦးက ၂၀၁၁ ခုနှစ် ဂျပန်မြေငလျင်လှုပ်ခတ်အပြီး ဂျပန်နိုင်ငံ၏ မော်တော်ကားနှင့် အီလက်ထရွန်နစ်ကဏ္ဍများအပေါ် သက်ရောက်မှုကို ကုန်သွယ်မှုရှုထောင့်မှ လေ့လာဆန်းစစ်ခဲ့ကြသည်။ ၎င်းတို့၏တွေ့ရှိချက်အရ မြေငလျင်ဘေးသင့်ကာလအလွန်တွင် ကုန်ချောကုန်သွယ်မှုထက် တစ်စိတ်တစ်ပိုင်းကုန်ချောကုန်သွယ်မှုက ပိုမိုတည်ငြိမ်မှုရှိခဲ့ကြောင်း၊ ဂျပန်ပို့ကုန်များပေါ် မှီခိုနေသူများသည် အခြားသော ပို့ကုန်သမားများအပေါ် ပြောင်းလဲသွားမှုများရှိကြောင်း၊ လုပ်ငန်းအချို့သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ရွှေ့ပြောင်းမှုများရှိခဲ့ကြောင်း သုံးသပ်ထားသည်။

Waseda University မှ သုတေသီ Yukiko Saito နှင့် အခြားသုတေသီသုံးဦးတို့ ပူးတွဲပြုလုပ်သည့် ၂၀၁၁ ဂျပန်မြေငလျင် သက်ရောက်မှုနှင့်ပတ်သက်သည့် လေ့လာမှုတွင်လည်း မက်ခရိုစီးပွားရေးအကျိုးဆက်များရှိခဲ့ကြောင်း၊ မြေငလျင်ဘေးသင့်မှုကြောင့် ဂျပန်နိုင်ငံ၏ အမှန်တကယ် ဂျီဒီပီ (Real GDP) တိုးတက်မှုနှုန်း သုညဒသမ ၄၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း၊ အခြေအနေများသည် ရောင်းလိုအားကွင်းဆက် အဆက်အစပ်အခြေအနေများပေါ်တွင်လည်း မူတည်နေကြောင်း အလေးပေးဖော်ပြထားသည်။

## နယူးဇီလန်မြေငလျင်ဘေးဒဏ်

၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် နယူးဇီလန်တောင်ပိုင်းဒေသများ၌ ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၁ ရှိ မြေငလျင်လှုပ်ခတ်ခဲ့သည်။ ထိုငလျင်ကို Canterbury Earthquake ဟုခေါ်ဝေါ်ကြပြီး Darfield Earthquake ဟုလည်း လူသိများသည်။ ဟိုချီမင်းစီးတီးနည်းပညာတက္ကသိုလ်မှ သုတေသီပညာရှင် Cuong Nguyen နှင့် ဝယ်လင်တန် ဗစ်တိုးရီးယားတက္ကသိုလ်မှ သုတေသီပညာရှင် Ilan Noy တို့က အဆိုပါမြေငလျင်၏ နောက်ဆက်တွဲအကျိုးဆက်ဖြစ်သည့် မြို့ပြဒေသ စီးပွားရေးပြန်လည်ထူထောင်မှုနှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ်တွင် လေ့လာမှုပြုလုပ်ခဲ့သည်။

လေ့လာမှုပြုလုပ်ရာ၌ ညအချိန်အလင်းရောင်စုစည်းမှု ကိန်းဂဏန်း၊ အချက်အလက်များကို အသုံးပြုခဲ့သည်ဟုဆိုသည်။ ညအချိန်အလင်းရောင်စုစည်းမှု ကိန်းဂဏန်း၊ အချက်အလက်များဆိုသည်မှာ လူမှုစီးပွားကိန်းဂဏန်းအချက်အလက်အားနည်းသော၊ အချက်အလက်ရရှိရန်ခက်ခဲသော ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာရာတွင် အသုံးပြုလာသည့် Satellite-based Imagery Data ဖြစ်သည်။ အစားထိုးကိန်းရှင်အချက်အလက်ဟုလည်း ဆိုနိုင်ပါသည်။

မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အိမ်ရာအဆောက်အအုံများ၏ ၉၅ ရာခိုင်နှုန်းကို အာမခံငွေကြေးများဖြင့် တည်ဆောက်ခဲ့ကြကြောင်း၊ အာမခံငွေပေးချေမှုနှင့် လူနေအိမ်များ မြန်ဆန်စွာပြန်လည်တည်ဆောက်မှုတို့ ဆက်စပ်မှုရှိနေကြောင်း သုံးသပ်ခဲ့ကြသည်။ အာမခံပေးချေမှုများသည် ငလျင်လှုပ်ခတ်ပြီးနောက် ဒေသတွင်း ပြန်လည်ထူထောင်မှု၊ စီးပွားရေးပြန်လည်ဦးမော့လာရေး ဆောင်ရွက်မှုတို့အတွက် သိသိသာသာ အထောက်အကူဖြစ်စေခဲ့သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် အာမခံပေးချေမှုအခန်းကဏ္ဍ၏ အရေးပါမှုတွေ့ရှိခဲ့ကြောင်းကိုလည်း ကောက်ချက်ချထားသည်။

## ဟေတီမြေငလျင်ဘေးဒဏ်

၂၀၁၀ ပြည့်နှစ်တွင် ဟေတီနိုင်ငံ၌လှုပ်ခတ်ခဲ့သည့် မြေငလျင်၏ စီးပွားရေးသက်ရောက်မှုများနှင့်ပတ်သက်၍ ပြင်သစ်နိုင်ငံ ပညာရေးတက္ကသိုလ်မှ ပညာရှင် Joseph က လေ့လာမှုပြုလုပ်ခဲ့ရာ စိန်ခေါ်မှုအဖြစ် ခိုင်မာသော လူမှုစီးပွားကိန်းဂဏန်းအချက်အလက် ရရှိမှုအားနည်းခြင်းကို တွေ့ခဲ့ရသည်ဟုဆိုသည်။ ထိုအခက်အခဲများကြောင့် ၁၉၉၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အချက်အလက်များအတွက် ညအလင်းရောင် အချက်အလက်များကို ကြားခံအချက်အလက် ကိန်းဂဏန်းများအဖြစ် အသုံးပြုတွက်ချက်ခဲ့ရသည်ဟု ဖော်ပြထားသည်။ **စာမျက်နှာ ၇ သို့** ☆

> “ကြိုတင်ခန့်မှန်းရန် မလွယ်ကူခြင်း၊ ရုတ်တရက်ဖြစ်ပေါ်တတ်ခြင်းတို့ကြောင့် မြေငလျင်ဘေးဒဏ် ကြိုတင်ကာကွယ်ရေး၏ အခန်းကဏ္ဍမှာလည်း များစွာအလုပ်မဖြစ်ဟု သုတေသီများကဆိုသည်။ အထူးသဖြင့် အရေးပေါ်စီမံခန့်ခွဲမှုစနစ်ကျင့်သုံးမှု အားနည်းပြီး အာမခံစနစ်ထွန်းကားမှုမရှိသောနိုင်ငံများတွင် မြေငလျင်ဘေးဒဏ်ကြုံတွေ့ရပါက နိုင်ငံသားတစ်ဦးချင်း၊ အိမ်ထောင်စု၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီမှသည် နိုင်ငံတစ်ခုလုံး၏ မက်ခရိုစီးပွားရေးအခြေအနေ (Macroeconomic Condition) အထိ အခြေအနေအရပ်ရပ်၌ သိသိသာသာ ထိခိုက်မှုများရှိလာတတ်”

**❝ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားတို့ကိုနှလုံးသွင်း၍ ဖျက်ဆီးခံရတိုင်း၊ ပျက်စီးမှုများကြုံရတိုင်း စိတ်ဓာတ်ကျ၊ လက်မြှောက်အရှုံးမပေးဘဲ ပိုမိုကောင်းမွန်သောကမ္ဘာသစ်ကိုဖန်တီး၍ ရှင်သန်နေထိုင်မှုအသစ်တို့ဖြင့် ဆက်လက်ရပ်တည်နိုင်ရမည်။**

**သို့အတွက် ဩစတြီးယန်းနိုင်ငံရေးဘောဂဗေဒပညာရှင်၊ စီးပွားရေးသမိုင်းပညာရှင် ဂျိုးဇက်ရှွန်းပီတာ (Joseph Schumpeter) ၏ "ဖန်တီးမှုရှိသော အဖျက်အဆီး" အယူအဆကို နှလုံးသွင်းလျက် ကြုံတွေ့လာသမျှ သဘာဝဘေးအန္တရာယ်တို့၏ ဖျက်ဆီးမှုတို့ကို ပိုမိုကောင်းမွန်သောဖန်တီးမှုအသစ်များ ပြုလုပ်နိုင်သည့် အခွင့်အလမ်းများဟုမှတ်ယူ၍ အားသစ်မွေး၊ ရှင်သန်နိုင်ကြရမည် ❞**

☆ စာမျက်နှာ ၆ မှ

တွေ့ရှိချက်များအရ ငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကာလတိုတွင် ကျဆင်းမှုရှိခဲ့ပြီး နှေးကွေးသွားသောတိုးတက်မှုအရှိန်ကြောင့် ဆယ်စုနှစ်ကြာသည်အထိ စီးပွားရေးပြန်လည်နာလန်ထူနိုင်စွမ်း မရခဲ့ကြောင်း ကောက်ချက်ချထားသည်။

## ချီလီမြေငလျင်ဘေးဒဏ်

ချီလီနိုင်ငံမှ Aguirre အပါအဝင်သုတေသီပညာရှင်အချို့ကလည်း ၂၀၁၀ ပြည့်နှစ်တွင်လှုပ်ခတ်ခဲ့သည့် ချီလီနိုင်ငံမြေငလျင်၏ စီးပွားရေးဆိုင်ရာ ကာလလတ် အကျိုးသက်ရောက်မှုများကို ၂၀၂၃ ခုနှစ်တွင် လေ့လာမှုပြုခဲ့ရာ ညအချိန် အလင်းရောင်စုစည်းမှု အချက်အလက်များနှင့် လုပ်ငန်းအဆင့်အချက်အလက်တို့ကို အသုံးပြုခဲ့ရသည်။

၎င်းတို့၏တွေ့ရှိချက်အရ မြေငလျင်ဒဏ်သင့်ဒေသများတွင် စီးပွားရေးတိုးတက်မှု တွန်းအားပေးလုပ်ဆောင်မှုများကို အနည်းဆုံးငါးနှစ်နီးပါး အဆက်မပြတ် လုပ်ဆောင်ခဲ့ကြသောကြောင့် ငလျင်ဒဏ်မခံရသည့်ဒေသများနှင့်နှိုင်းယှဉ်ပါက မြေငလျင်ဒဏ်သင့်ဒေသများသည် စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်လာခဲ့သည်ဟု ဖော်ထုတ်ထားသည်။ ထိုအခြေအနေဖြစ်ပေါ်မှုတွင် အဓိကအကြောင်းတရားမှာ ပြန်လည်တည်ဆောက်ရေးကို အင်နှင့်အားနှင့် ကျယ်ကျယ်ပြန့်ပြန့် အားထုတ်မှု၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများမှ အရင်းအမြစ်များ စီးပွားရေးအဆောက်အအုံအထဲသို့ အရှိန်အဟုန်ဖြင့် စီးဆင်းမှုများရှိခဲ့ခြင်းကြောင့်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ကြသည်။

## တရုတ်မြေငလျင်ဘေးဒဏ်

တရုတ်နိုင်ငံ Shandong University စီးပွားရေးသုတေသနဌာနမှ ပညာရှင် Huang အပါအဝင် သုတေသီအချို့၏ ၂၀၂၄ ခုနှစ်တွင် ရေးသားခဲ့သည့် သုတေသနစာတမ်းတစ်ခုတွင် တရုတ်နိုင်ငံအတွင်း မကြာခဏလှုပ်ခတ်ခဲ့သည့် မြေငလျင်များကြောင့် ဒေသစီးပွားရေးအပေါ် သက်ရောက်မှုများနှင့်ပတ်သက်သည့် တွေ့ရှိချက်များကို ရေးသားဖော်ပြထားသည်။ အဆိုပါစာတမ်းထဲတွင် ပြင်းအားအသင့်အတင့်နှင့် ပြင်းထန်မှုရှိသောမြေငလျင်များသည် ရေရှည်ကာလတွင် စီးပွားရေးအဆောက်အအုံအတွင်းရှိ တစ်ဦးချင်းထုတ်လုပ်မှုကို သိသိသာသာကျဆင်းစေသည်ဟုဆိုသည်။

အိမ်ထောင်စုများ၏စုဆောင်းမှု၊ ပုံသေပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ်တို့တွင် အနုတ်လက္ခဏာသက်ရောက်မှုများလည်းရှိခဲ့သည်။ သို့သော် သက်ရောက်မှုများသည် ဒေသတစ်ခုနှင့်တစ်ခု မတူ။ ဒေသန္တရအစိုးရများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်အာဏာ၊ လူမှုအရင်းအနှီး စူးစိုက်တည်ရှိမှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ပေါ်တွင် မူတည်နေသည်ဟုဆိုသည်။

မြေငလျင်ဘေးဒဏ်သည် စီးပွားရေးကဏ္ဍအချို့အပေါ် အနုတ်လက္ခဏာ သက်ရောက်မှုများရှိနေစဉ် အချို့သောကဏ္ဍများအပေါ် တွန်းအားပေးလှုံ့ဆော်မှုဖြစ်စေပြီး အပေါင်းလက္ခဏာသက်ရောက်မှုဖြစ်စေသည်ဟုလည်း ရှုမြင်သုံးသပ်ထားသည်။ အထူးသဖြင့် ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် တွန်းအားဖြစ်စေခဲ့သည်။ ထို့ပြင် လူမှုအရင်းအနှီးပိုမိုမြင့်မားသောဒေသများ၊ ပိုမိုကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသန္တရအစိုးရအဆင့် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာ ပိုမိုရရှိသောဒေသများတွင် စီးပွားရေးဆုံးရှုံးမှုများနည်းပါးသည်ဟု ကောက်ချက်ချထားသည်။ တီထွင်ဆန်းသစ်မှုများပိုမိုပြုလုပ်စေရန် ဆွဲဆောင်မှုအားကောင်းသောဒေသများသည် မြေငလျင်ဒဏ်သင့်ပြီးနောက် ဒေသတွင်းစီးပွားရေးတိုးတက်စေသည့် အပြောင်းအလဲများရရှိစေသည်ဟုလည်း အကြံပြုထားသည်။

## အင်ဒိုနီးရှားမြေငလျင်ဘေးဒဏ်

ပြင်သစ်နိုင်ငံ ပဲရစ်တက္ကသိုလ်မှ သုတေသီပညာရှင် Robert Reinhardt က အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ဒေသ ၄၁၆ ခုအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုအပေါ် ၂၀၀၃-၂၀၁၉ ကာလက ဖြစ်ပေါ်ခဲ့သော မြေငလျင်များ၏သက်ရောက်မှုများကို လေ့လာခဲ့သည်။ မြေငလျင်ဒဏ်သင့်ခဲ့ပြီးနောက် ပထမဦးဆုံးနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၉၀ ရာခိုင်နှုန်းအထိ ရုတ်တရက် ကျဆင်းသွားခဲ့ကြောင်း တွေ့ရှိခဲ့သည်။ မြေငလျင်ဒဏ်သည် ကုန်ကြမ်းထုတ်လုပ်မှုလုပ်ငန်းများ၏ ရောင်းလိုအား ကွင်းဆက်တစ်လျှောက်လုံးအပေါ် သိသိသာသာ အနုတ်လက္ခဏာ သက်ရောက်မှုများဖြစ်ခဲ့သည်။ အထူးသဖြင့် စက်မှုလက်မှုကဏ္ဍပေါ်တွင် သက်ရောက်မှုအများဆုံးဖြစ်၏။

Paris School of Economics မှ အကြီးတန်းသုတေသီပညာရှင် Gignoux နှင့် ဖွံ့ဖြိုးမှုစီးပွားရေးပညာရှင် Menéndez တို့ကလည်း ၁၉၈၅ ခုနှစ်တွင် ကြုံတွေ့ခဲ့ရသည့် မြေငလျင်ဘေးဒဏ်များ၏ အင်ဒိုနီးရှားကျေးလက်ဒေသစီးပွားရေးအပေါ် သက်ရောက်မှုများကို ၂၀၁၆ ခုနှစ်တွင်လေ့လာ၍ စာတမ်းပြုစုခဲ့ကြသည်။ လေ့လာရာတွင် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားအဆင့် ဘူမိဗေဒဆိုင်ရာ သုတေသနအဖွဲ့မှရရှိသော အတိုင်းအတာ အချက်အလက်များ၊ အိမ်ထောင်စုစစ်တမ်းကောက်ယူမှုမှ အချက်အလက်များကို အသုံးပြုခဲ့ကြသည်။ လေ့လာမှုများအရ မြေငလျင်ဒဏ်သင့်ဒေသရှိ လူတစ်ဦးချင်းသည် ကာလတိုတွင် စီးပွားရေးခက်ခဲမှုများ ခံစားခဲ့ကြသော်လည်း မြေငလျင်ဒဏ်သင့်ကာလအလွန် နှစ်နှစ်မှ ငါးနှစ်တာကာလအတွင်း ဆုံးရှုံးမှုများမှ ပြန်လည်ရုန်းထလွတ်မြောက်လာခဲ့ပြီး ခြောက်နှစ်ကျော်မှ ၁၂ နှစ်တာကာလအတွင်း မူလအခြေအနေထက် ပိုမိုသာလွန်သော အကျိုးဖြစ်ထွန်းမှုများရှိခဲ့သည်ဟု ဖော်ထုတ်ခဲ့ကြသည်။

ထို့ပြင် အင်ဒိုနီးရှားကျေးလက်ဒေသ၌ ကြုံတွေ့နေရသည့် ဆင်းရဲနွမ်းပါးမှုထောင်ချောက်များအတွင်းသို့ သက်ဆင်းရမည့် အန္တရာယ်မှ လျော့ကျသွားမှုဆီသို့ ဦးတည်နေသည့်အခြေအနေများနှင့် သဘာဝဘေးဒဏ်သင့်ကာလအလွန် အစိုးရ၏အစီအမံများထဲ၌ ရေရှည်အကျိုးကျေးဇူးများကို တွေ့ရှိနေရခြင်းသည် မြေငလျင်ဒဏ်သင့်အခြေအနေဆိုးထဲ၌ ရလဒ်ကောင်းများရှိနေသည်ကိုလည်း သတိပြုမိစေလိုသည်။

## အခက်အခဲများကြားမှ ပေါ်ထွက်လာသောအခွင့်အလမ်း

ဩစတြီးယားနိုင်ငံ ဗီယင်နာ စီးပွားရေးပညာနှင့် စီးပွားရေးလုပ်ငန်းတက္ကသိုလ်မှ စီးပွားရေးပညာဌာန ပါမောက္ခ Jesus Crespo Cuaresma နှင့် အခြားသုတေသီပညာရှင် နှစ်ဦးတို့ကလည်း မြေငလျင်ဘေးဒဏ်များတွင်ကြုံတွေ့ရသော စီးပွားရေးသက်ရောက်မှုများကို ၂၀၀၈ ခုနှစ်က လေ့လာခဲ့ကြသည်။ ၎င်းတို့က ၂၀ ရာစုအစောပိုင်းကာလ စီးပွားရေးပညာရှင် ရှွန်းပီတာ၏ ကျော်ကြားသော အယူအဆဖြစ်သည့် "ဖန်တီးမှုရှိသော အဖျက်အဆီး" (Creative Destruction) အသွင်ပုံသဏ္ဌာန်မျိုး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပေါ်ခြင်းရှိ၊ မရှိ လေ့လာခဲ့ကြသည်။

ဆိုလိုသည်မှာ သဘာဝဘေးအန္တရာယ်ဖျက်ဆီးမှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို မူလအခြေအနေမှ ပိုမိုကောင်းမွန်သောအခြေအနေသစ်ဆီသို့ ဖန်တီးပြောင်းလဲနေသည့် အခြေအနေမျိုးဖြစ်၊ မဖြစ် စူးစမ်းခဲ့ခြင်းဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် ဘေးဒဏ်သင့်နိုင်ငံများရှိ အရင်းအနှီးဈေးကွက်များ ပိုမိုကောင်းမွန်စေပြီး နည်းပညာအသစ်များတီထွင်မှု၊ လက်ခံကျင့်သုံးမှု အခွင့်အလမ်းများရစေသည်ဟု ရှုမြင်ခဲ့ကြသည်။ ၎င်းတို့၏လေ့လာမှုများအရ သဘာဝဘေးအန္တရာယ်များ၏ အကြိမ်အရေအတွက်နှင့် ကာလရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အကြား အပေါင်းလက္ခဏာဆောင်သော ဆက်စပ်မှုရှိသည်ကို တွေ့ရှိခဲ့ကြသည်။

သို့သော် သဘာဝဘေးဒဏ်သင့်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ရလဒ်များသည် ဘေးဒဏ်သင့်ခဲ့သည့် နိုင်ငံအပေါ် အပေါင်းလက္ခဏာ သက်ရောက်မှုဖြစ်စေသည်ဟူ၍ အမြဲတမ်း ကောက်ချက်ချ၍မဖြစ်နိုင်ပါ။ ဘေးဒဏ်သင့်နိုင်ငံနှင့် နည်းပညာအဆင့်မြင့် ဖွံ့ဖြိုးပြီးနိုင်ငံတို့အကြား ဆက်ဆံရေးကောင်းမွန်မှု၊ နည်းပညာဗဟုသုတများ စီးဆင်းမှုအခြေအနေများအပေါ် မူတည်နေပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအဆင့်နှင့် ဖြစ်ပေါ်လာသည့်ဘေးအန္တရာယ်၏ သဘောသဘာဝအပေါ်တွင်လည်း မူတည်နေကြောင်း မှတ်ချက်ပြုထားသည်။

## ရှွန်းပီတာ၏ ကမ္ဘာသစ်သို့

မြေထု၊ ရေထု၊ လေထုတို့ဖြင့် စကြဝဠာထဲတွင်တည်ရှိနေသော ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးသည် သဘာဝဘေးကြောင့်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များ အမြဲမပြတ် ကြုံတွေ့နေရလိမ့်မည်။ အထူးသဖြင့် မှန်းဆရခက်ခဲသော၊ ပို၍အပျက်အစီးများသော မြေငလျင်သဘာဝဘေးဒဏ်များသည်လည်း ကမ္ဘာကြီးသက်တမ်းကြာမြင့်လာသည်နှင့်အမျှ အကြိမ်အရေအတွက် ပိုမိုများပြားစွာ ဖြစ်လာနိုင်ဖွယ်ရှိသည်။ ကမ္ဘာပေါ်တွင် ရှင်သန်နေသော သတ္တဝါများထဲ၌ အသိဉာဏ်အရှိဆုံး လူသားများအနေဖြင့် သဘာဝဘေးအန္တရာယ်များကို မည်သို့ရင်ဆိုင်ကျော်လွှားကြမည်၊ မည်သို့ရှင်သန်နိုင်ကြရမည်ကို ရှုထောင့်အမျိုးမျိုးဖြင့်စဉ်းစား၊ နည်းလမ်းအသွယ်သွယ်ဖြင့် တီထွင်ကြံဆနေကြပြီဖြစ်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောတရားတို့ကိုနှလုံးသွင်း၍ ဖျက်ဆီးခံရတိုင်း၊ ပျက်စီးမှုများ ကြုံရတိုင်း စိတ်ဓာတ်ကျ၊ လက်မြှောက်အရှုံးမပေးဘဲ ပိုမိုကောင်းမွန်သော ကမ္ဘာသစ်ကိုဖန်တီး၍ ရှင်သန်နေထိုင်မှုအသစ်တို့ဖြင့် ဆက်လက်ရပ်တည်နိုင်ရမည်။

သို့အတွက် ဩစတြီးယန်း နိုင်ငံရေးဘောဂဗေဒပညာရှင်၊ စီးပွားရေးသမိုင်းပညာရှင် ဂျိုးဇက်ရှွန်းပီတာ (Joseph Schumpeter) ၏ "ဖန်တီးမှုရှိသော အဖျက်အဆီး" အယူအဆကို နှလုံးသွင်းလျက် ကြုံတွေ့လာသမျှ သဘာဝဘေးအန္တရာယ်တို့၏ဖျက်ဆီးမှုတို့ကို ပိုမိုကောင်းမွန်သော ဖန်တီးမှုအသစ်များ ပြုလုပ်နိုင်သည့် အခွင့်အလမ်းများဟုမှတ်ယူ၍ အားသစ်မွေး၊ ရှင်သန်နိုင်ကြရမည်ဖြစ်ပါသည်။ ။

**Ref: Unearthing the Economic and Social on sequences of Earthquakes**

# မှော်ဘီမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘိုးဒေါနကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စာသင်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့က သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၁၂၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၄**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ တောင်ကြီး (ထင်း)ကြိုးဝိုင်းအတွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စိုက်ပျိုးမည့်ပျိုးပင်များကို တာဝန်ရှိသူများထံ ဖြန့်ဝေပေးအပ်၍ ပြည်နယ်အဆင့်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော လွိုင်ခမ်းအိမ်ရာစီမံကိန်း စိန်နှင်းဆီကုမ္ပဏီအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သတ်မှတ်နေရာများတွင် ပျိုးပင်များကို စတင်စိုက်ပျိုးပြီး တက်ရောက်လာသူများက ချယ်ရီ၊ ထင်းရှူး၊ ခါတော်မီ၊ စိန်ပန်းပြာ အစရှိသည့် ပျိုးပင်ပေါင်း ၁၁၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောင်းဝင်းအတွင်း အနိမ့်ပိုင်းနေရာရေဝင်ရောက်မှုနှင့် ဘောလုံးကွင်းအုတ်တံတိုင်းကာရံနေမှုတို့ကိုကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကလောမြို့အမှတ်(၃)ရပ်ကွက် အရှေ့မြို့ပတ်လမ်းရှိ ကလပ်ဝင်းအတွင်းရှိ နှစ်(၁၀၀) အဆောက်အအုံကိုလည်းကောင်း၊ ကလောဘူတာရုံနှင့် ဘူတာရုံရှေ့ ကတ္တရာခင်းနေမှုကိုလည်းကောင်း၊ မောမြေဦးပန်းခြံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အင်းပြင်ရှိ မြို့နယ်လမ်းဦးစီးဌာနမှ မြေထိန်းနံရံနှင့် လမ်းပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အင်းပြင်စိုက်ပျိုးရေးဥယျာဉ်ခြံရှိ ကလောချောင်းမြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေညောင်မြို့ အနိမ့်ပိုင်းနေရာဖြစ်သော ရတနာရပ်ကွက်(၁)နှင့်(၂)တွင် ရေဝင်ရောက်နေမှုနှင့် ကုန်းလှိုင်ဘုန်းကြီးကျောင်း၌ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ဒေသခံပြည်သူများအား သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က ယာယီပြောင်းရွှေ့လာသော ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ ချက်ပြုတ်စားသောက်ရေးအတွက် ငွေကျပ်သိန်း ၅၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်းနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကလည်း ယာယီပြောင်းရွှေ့လာသော ဒေသခံပြည်သူများအတွက် ငွေကျပ်သိန်း ၁၈၅၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြစ်ကြီးနားမြို့ဝင် ရွှေဘို-မြစ်ကြီးနားလမ်းမကြီးဘေး၌ ပျိုးပင်ပေါင်း ၅၀၀ ကျော် စုပေါင်းစိုက်ပျိုး

**မြစ်ကြီးနား ဇွန် ၁၄**

ကချင်ပြည်နယ် လမ်းဦးစီးဌာနက ကြီးမှူး၍ မြစ်ကြီးနားမြို့အဝင် ရွှေဘို-မြစ်ကြီးနားလမ်းဘေးတွင် ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ် ပြည်နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။



**လိုက်လံကြည့်ရှု**

ဦးစွာ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့ တက်ရောက်ကြပြီး လမ်းဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ လမ်းဘေးဝဲ/ယာရှိ သတ်မှတ်နေရာများ၌ အမြင့်နှစ်ပေနှင့်အထက် နှစ်နှစ်သား အရွယ် ပျဉ်းကတိုးပင်၊ သစ်အယ်စသည့် အရိပ်ရအပင်ကြီးမျိုးများ ဖြစ်သည့် အပင်၅၀၀ ကိုလမ်းဘေးဝဲ/ယာတစ်လျှောက် စုပေါင်းစိုက်ပျိုးပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် ဇွန် ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် သွေးဖောင်ဒေးရှင်း (ကချင်ပြည်နယ်)က ကြီးမှူးကျင်းပသော အကြိမ် (၃၀) နှင့်အထက် စေတနာ့သွေးလှူရှင်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၂၁၀ ကို ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတွမ်ပီချင်းထံ ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ဂါရဝပြုပေးအပ်သော အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်အား ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက အကြိမ်(၃၀)နှင့်အထက် စေတနာ့သွေးလှူရှင် ရဟန်း၊ သံဃာများနှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၀၅ ပါး/ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ကျွန်းလှ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် ကျွန်းလှမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၃) ဦးစိုးကျော်နိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးခိုင်မင်းထွန်း၊ တောအုပ်ကြီး ဦးစိုးမြတ်သူတို့က တာဝန်ရှိများထံ စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ကျွန်းပင်၊ တမာပင်၊ ပျဉ်းကတိုးပင်၊ ခရေပင်နှင့် စွယ်တော်ပင် စုစုပေါင်းပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ထားဝယ်တက္ကသိုလ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ထားဝယ် ဇွန် ၁၄**

၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဦးနှင့် တာဝန်ရှိသူများက ဘာသာရပ်အသီးသီးမှ ပါမောက္ခ/ဌာနမှူးများနှင့်ကျောင်းသား ကျောင်းသူများအား သစ်ပင်ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးတို့က ပျိုးပင်များအား စတင်စိုက်ပျိုးပေးပြီး ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ ဌာနမှူးများနှင့် ကျောင်းသား ကျောင်းသူများက ထားဝယ်တက္ကသိုလ်ဝင်း အတွင်းရှိ လျှောက်လမ်းနံဘေးတွင် စုစုပေါင်း ပျိုးပင် ၉၄ ပင်အား စုပေါင်းစိုက်ပျိုးပေးသည်။

ထားဝယ်ခရိုင် အတွင်းရှိ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်များတွင် မိုးရာသီလူထုဖြန့် ပျိုးပင်များကို ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ တက္ကသိုလ်၊ သင်တန်းကျောင်းများနှင့် ဒေသခံပြည်သူများသို့ အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ပျိုးပင်များ ရယူစိုက်ပျိုးလိုပါက ထားဝယ်မြို့နယ် သစ်တောဦးစီးဌာနသို့ ဆက်သွယ်ပြီး ပျိုးပင်များထုတ်ယူနိုင်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပိုင်းများပြန်လည်ပြုပြင်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာ၌ မွေးဘဏ်စနစ်ဖြင့် ဒေသဆိတ်(ထိန်စမ်းမျိုး)များ ခြံလှောင်စနစ်ဖြင့် မွေးမြူထားရှိမှုကိုလည်းကောင်း၊ ကံကြီးမွေးမြူရေးဇုန်၌ ဦးသန်းဌေး၏ ဒေသဆိတ်အကောင် ၃၀၀ ခြံလှောင်စနစ်ဖြင့်မွေးမြူထားရှိမှုကိုလည်းကောင်း၊ ဦးတွမ်ခင်ဝင်း၏ (ဖန်ဟွန့်စားနွားမွေးမြူရေးခြံ)၌ နို့စားနွားအကောင် ၁၂၀ မွေးမြူထားရှိမှုနှင့် နေပီယာမြက်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပိုမိုတိုးချဲ့မွေးမြူရေး၊ မွေးမြူရေးခြံအလိုက် တိရစ္ဆာန်အစာ နေပီယာမြက်နှင့် နှံစားပြောင်းများ ကိုယ်တိုင်စိုက်ပျိုးကျွေးမွေးရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူရေး၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်နှင့်အညီ စနစ်တကျမွေးမြူနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟ အိမ်ရာ(၂) မိုးမခလမ်းနှင့် ဒက္ခိဏသီရိမြို့နယ် မိုးသောက်ပန်းလမ်းတွင် လျှပ်စစ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**



# တောင်သူများပူးပေါင်းပါဝင်သော သီးနှံမျိုးစေ့အရင်းအမြစ်များ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးချခြင်း လက်တွေ့ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ကျယ်ပြန့်ထိရောက်စွာ အသုံးချနိုင်စေရန်နှင့် သုတေသီများ၊ ပညာရှင်များနှင့် တောင်သူများ အနီးကပ်ထိတွေ့၍ ဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ကြစေရန် စနေနေ့တိုင်းကျင်းပလျက်ရှိသည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ AERDTC ခန်းမ၌ (၇၁)ကြိမ်မြောက် ကျင်းပသည်။





ဦးစွာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် တောင်သူများပူးပေါင်းပါဝင်သော သီးနှံမျိုးစေ့အရင်းအမြစ်များ စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချရာ တောင်သူများ ဝင်ငွေအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အသက်သွေးကြောဖြစ်သော သီးနှံမျိုးစေ့ကဏ္ဍ၏အရေးပါမှု၊ မျိုးဗီဇအရင်းအမြစ်များ ဆုံးရှုံးမှုများကြုံတွေ့နေရမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သော ထိန်းသိမ်းမှုနည်းလမ်း၏အရေးပါမှု၊ ဒေသမျိုးစေ့များ မပျောက်ကွယ်ရေး ထိန်းသိမ်းရန်နှင့် တောင်သူများ၏ ဗဟုသုတနှင့် စွမ်းရည်မြှင့်တင်ရန်၊ ရာသီဥတုဒဏ်ခံနိုင်သော သီးနှံများ ဖွံ့ဖြိုးလာစေပြီး အစားအစာဖူလုံရေးနှင့် စိုက်ပျိုးသူများဝင်ငွေတိုးမြှင့်ရန် ဝန်ကြီးဌာန၏ ရည်ရွယ်ဆောင်ရွက်နေမှုများ၊ အပင်၏ မျိုးဗီဇအရင်းအမြစ်နှင့် ထိန်းသိမ်းရန်အရေးကြီးပုံတို့ကိုလည်းကောင်း။

မိမိတို့နိုင်ငံ၏ မျိုးစေ့ကဏ္ဍတွင် ကြုံတွေ့နေရသောစိန်ခေါ်မှုများ၊ မျိုးစေ့များ ရွေးချယ်၊ သိုလှောင်၊ ဖလှယ်ခြင်းလုပ်ငန်းများ၌ တောင်သူများကိုယ်တိုင်ဆောင်ရွက်ခြင်းအပြင် ကျေးရွာအခြေပြု မျိုးစေ့ဘဏ်များဖွဲ့စည်းခြင်း၊ သုတေသနဌာနများ၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင်လည်း တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သော ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် တောင်သူများ၏အခန်းကဏ္ဍ၊ ပြည်တွင်း၌အောင်မြင်လျက်ရှိသည့် ကျေးရွာမျိုးစေ့ဘဏ်များ၊ လိုအပ်သောမူဝါဒပံ့ပိုးမှုများ၊ မျိုးစေ့ထိန်းသိမ်းခြင်းသည် ကျေးလက်ဖွံ့ဖြိုးရေး၏ အဓိကသော့ချက်ဖြစ်မှုတို့ကို ရှင်းလင်းပို့ချသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသည့် တောင်သူကြီးများနှင့်အတူ စီးပွားဖြစ်စိုက်ပျိုးမှုမရှိသေးသည့် ကျေးလက်နှင့် မြို့နေလူထုစားသုံးလျက်ရှိသော သီးနှံမျိုးများကို စာရင်းပြုစုခြင်းနှင့် ဟင်းသီးဟင်းရွက် တောင်သူများ ပါဝင်ပြီး မျိုး၊ ဗီဇ သတင်းအချက်အလက်စုဆောင်းခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ရာ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု မရှိသေးသော်လည်း လက်ရှိအချိန်ထိ နေပြည်တော်ကောင်စီနယ်မြေတွင် စားသုံးနေသည့် ဟင်းသီးဟင်းရွက်အမျိုးအမည်ပေါင်း ၁၂၁ မျိုးကို စာရင်းပြုစုရရှိခဲ့သည်။

ယနေ့ကျင်းပသည့် (၇၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဌာနတာဝန်ရှိသူများ၊ သုတေသီနှင့် ပညာရှင်များ၊ နေပြည်တော် ရှစ်မြို့နယ်မှ တောင်သူ ၄၅ ဦး တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ပညာရှင်နှင့်တောင်သူ ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်းအခမ်းအနား ကျင်းပ

**အိမ်မဲ ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးသည့်လယ်ယာမြေများတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်လျက်ရှိရာ ကညင်ကွင်းကျေးရွာ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါသစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထယ်ထိုးထည့်သွင်းခြင်းကို ကညင်ကွင်းကျေးရွာရှိ တောင်သူ ဒေါ်ခင်ဝင်း ပါ လေးဦး၏ လယ်ယာမြေတွင် ဆောင်ရွက်ခြင်းဖြစ်ပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ပေါင် ဇွန် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ စိုက်ပျိုးရာသီတွင် ခေါင်နှံ့စနစ်ဖြင့် စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနှင့် ကြဲခင်းစနစ် လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် သဲဖြူကုန်းကျေးရွာ



ဦးဒါဝတ်၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ပေါင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာလှိုင်က ခေါင်နှံ့စနစ်ဖြင့်စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနည်းစနစ်ကို ရှင်းလင်းဆွေးနွေးပြီး ပေါင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမြင့်က မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးရာ တောင်သူများက သိလိုသည်များ မေးမြန်းကြသည်။

ထို့နောက် ခေါင်နှံ့စနစ်ဖြင့် စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနှင့် ကြဲခင်းစနစ် လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ လက်တွေ့ပြသခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဗီနိုင်း ချိတ်ဆွဲ

**ရန်ကင်း ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်ဗီနိုင်း ချိတ်ဆွဲခြင်းကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဇော်ဝင်းထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်းပြီး ရန်ကင်းမြို့နယ်အတွင်းရှိ “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ”ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေးအပ်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓီတာ သီလရှင်စာသင်တိုက်၊ သမ္ဗုဏ္ဏာရာမကျောင်းတိုက်နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိက အဆောက်အအုံများနှင့် စာသင်ကျောင်းဆောင်များကို လူအင်အား၊ စက်ယန္တရား အင်အားများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအတွက် တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် ဧရာဝတီမြစ်ရေကို သန့်စင်၍ သန့်ရှင်းသော သောက်သုံးရေများ ပေးဝေနိုင်ရေနှင့် ပြည်သူများသောက်သုံးရေ ပြည့်ပြည့်ဝဝ ဖြန့်ဝေနိုင်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးကာ ဖယ်ရှား ရှင်းလင်းပြီးသော သာသနိက အဆောက်အအုံများနှင့်ကျောင်းဆောင်အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေသူများအား အချိုရည်များ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စဉ့်ကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်ဆည်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နေရာများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပမည့် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ တပ်မတော်ရေသန့်စက်ယာဉ်ဖြင့် သောက်ရေသန့် ပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ကျောက်ဆည်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ပြန်လည်ကျင်းပမည့် ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာနများ၌ စာမေးပွဲဖြေဆိုရန် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း/အဖြေလွှာစသည့် စာရွက်စာတမ်းများအတွက် စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှု စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရေး၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာ ဖြေဆိုနိုင်စေရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအကူအညီများ စီစဉ်ဆောင်ရွက် ထားရှိပေးနိုင်ရေး၊ စာမေးပွဲဖြေဆိုစဉ် ကာလအတွင်း ကျောင်းသား ကျောင်းသူများ အချိန်မီသွားလာနိုင်ရန် တာဝန်ရှိသူများက တတ်နိုင်သည့်နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ်ရှိ မဟာရတနာမဉ္ဇူတိ လောကမာရ်အောင် အောင်မြေရွှေဘုံမြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံ အပျက်အစီးများနှင့် ဘုရားစေတီ အပျက်အစီးများအား တပ်မတော်သား စစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများ၊ စက်ယန္တရားကြီးများ အသုံးပြု၍ အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြန်လည် တူးဖော်ရရှိသော ဌာပနာပစ္စည်းများအား စနစ်တကျထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ မဟာရတနာမဉ္ဇူတိလောကမာရ်အောင် အောင်မြေရွှေဘုံမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံနှင့် ဘုရားစေတီအပျက်အစီးများအား တပ်မတော်သားစစ်သည်များက ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။

**ညှိနှိုင်းဆောင်ရွက်**

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ပြန်လည်ကျင်းပမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာစစ်ဌာန၌ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများ ဘေးကင်းလုံခြုံ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်၌ ငလျင်ဘေးသင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်

**ရမည်းသင်း ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု မြို့လှကျေးရွာ မြို့လှတောင်ကျောင်းတိုက်အတွင်း၌ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ငလျင်ဘေးကြောင့်ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ ရပ်/ကျေးအုပ်စုသံဃနာယကအဖွဲ့၊ မြို့လှတောင် ကျောင်းတိုက်ဆရာတော်များ၏ ဩဝါဒလမ်းညွှန်မှုကိုခံယူကာ အကျိုးဆောင်အဖွဲ့က အလှူရှင်များ၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ငလျင်ဒဏ်ကြောင့် မြို့လှတောင်ကျောင်းတိုက်အတွင်း၌ လွန်ခဲ့သော နှစ် ၁၀၀ က တည်ထားခဲ့သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းစေတီတော်များ၊ သိမ်၊ ကျောင်း၊ စောင်းတန်းနှင့် ဘုံငါးဆင့်တို့မှာ များစွာ ပျက်စီးဆုံးရှုံးခဲ့ရာ ဒက္ခိဏာရာမမဟာမုနိဘုရားကြီး ကိန်းဝပ်ရာ ဘုံငါးဆင့်တန်ဆောင်းကြီးအား မြို့လှတောင်ကျောင်းတိုက်ဆရာတော် ဦးဣဿရိယ၏ ဦးဆောင်မှုဖြင့် ဒက္ခိဏာရာမမဟာမုနိဘုရားကြီး အသစ်တည်ထားကိုးကွယ်ခြင်းနှင့် ဘက်စုံမွမ်းမံပြုပြင် တည်ဆောက်ရေးလုပ်ငန်းအကျိုးဆောင်အဖွဲ့က တတ်ကျွမ်းသည့် ဗိသုကာပညာရှင်များ



နှင့် ရေးမှုမပျက် ဆောင်ရွက်လျက်ရှိပြီး ကျန်သာသနိကအဆောက်အအုံများကိုလည်း ပြန်လည်အသစ်တည်ထား ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ဘားအံမြို့၌ ရေဘေးသဏ္ဍာန်တူ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်

ဘားအံ ဇွန် ၁၄

ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ကြီးမှူး၍ ရေဘေးသဏ္ဍာန်တူ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ကန်သာယာရေပြင်နှင့် ဖွဲကပင်ခန်းမတို့၌ လူအင်အား ၄၅၀ ကျော်၊ ရှာဖွေကယ်ဆယ်ရေးရေယာဉ် ရှစ်စင်း၊ ယာဉ်ယန္တရားအစီး ၄၀ တို့ဖြင့် ဆောင်ရွက်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ရှာဖွေကယ်ဆယ်ရေးရေယာဉ် လေးစင်း၊ တပ်ဖွဲ့ဝင် ၂၀ တို့က အနေးမောင်း၊ အမြန်မောင်း စွမ်းရည်သရုပ်ပြသကာ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဝန်ထမ်းများပူးပေါင်း၍ မြစ်ရေကြီးမှုအခြေအနေကို ပြည်သူအများ သတိပြုမိစေရန် လှည့်လည်နိူးဆော်ခြင်း သရုပ်ပြသကြသည်။



ထို့နောက် သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် ဘားအံမြို့ အနိမ့်ပိုင်းရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများအား သယ်ယူရွှေ့ပြောင်းမှု၊ ရေယာဉ်များဖြင့် ရှာဖွေကယ်ဆယ်မှု၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၏ ရှေးဦးသူနာပြုစုပေးမှု၊ ရေယာဉ်များဖြင့် ကယ်ဆယ်လာသောပြည်သူများအား ကားများ၊ ကူညီကယ်ဆယ်ရေးအသင်းယာဉ်များဖြင့် ယာယီကယ်ဆယ်ရေးစခန်း (ဖွဲကပင်ခန်းမ)သို့ ပို့ဆောင်ပေးမှုတို့ကို သရုပ်ပြသကြပြီး စက်လှေတိမ်းမှောက်မှုကြောင့် ရှာဖွေကယ်ဆယ်ရေးရေယာဉ်ဖြင့် ရေနစ်သူအား ကယ်ဆယ်မှု၊ ရေငုပ်ဝတ်စုံ ဝတ်ဆင်သူလေးဦးက ရေငုပ်သရုပ်ပြမှုနှင့် ရေနစ်သူအား ရှာဖွေကယ်ဆယ်မှု၊ ရှာဖွေကယ်ဆယ်ရေးရေယာဉ်လေးစင်းဖြင့် ရောင်စုံကာလာနှင့် ရေပက်သရုပ်ပြမှုတို့ကို သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် စုဖွဲ့ထားရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် စုဖွဲ့ထားရှိသည့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ ယာဉ်၊ ယန္တရားများနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ပေးမည့်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရေဘေးသဏ္ဍာန်တူ ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုတွင် ပါဝင်သရုပ်ပြခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ငလျင်ဘေးနှင့်ရေဘေးဆိုင်ရာ အသိပညာပေးဟောပြော

နေပြည်တော် ဇွန် ၁၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ငလျင်ဘေးနှင့် ရေဘေးများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ အနီးကပ်စီမံဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၁၃ ရက်က ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၅)၊ အမှတ်(၆) နှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်သည်။

မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ငလျင်ဘေးနှင့် ရေဘေးကျရောက်ချိန်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သိရှိထားရန်လိုအပ်သကဲ့သို့ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်ကောင်စီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်သည့် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ လူမှုရေးပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

## အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ်နှင့် ဗထူးတပ်မြို့တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင်မြို့နယ် ၂၀ တို့၌လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(U.D.M.Y)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (U.D.M.Y) ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**စုပေါင်းဆောင်ရွက်**

ယင်းသို့ ပြုလုပ်ရာတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (U.D.M.Y) ပါမောက္ခချုပ် ဒေါက်တာကျော်သီဟ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် တာဝန်ရှိသူများက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပရဝဏ်အတွင်းရှိ အမှိုက်များလှည်းကျင်းသိမ်းဆည်းခြင်း၊ မြက်ပင်၊ ချုံနွယ်၊



သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းခြင်း၊ သောက်သုံးရေစည်ရေကန်တို့တွင် အဘိတ်ဆေးခတ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

## ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)၌ ကျင်းပ

ရန်ကုန် ဇွန် ၁၄

၂၀၂၅ ခုနှစ် မိုးရာသီကာလ လူထုလှုပ်ရှားမှုအသွင်ဖြင့် ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီးရှိ ရန်ကုန် စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) ကျောင်းဝင်းအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေးနှင့် ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကျွန်း၊ ခရေ၊ ငုရွှေဝါ၊ စိန်ပန်း၊ တရုတ်တယ်၊ မဟော်ဂနီ၊ မန်ကျည်း ရှား၊ မအူ၊ မဲဇလီနှင့် ပျဉ်းမပင် စုစုပေါင်း ပျိုးပင် ၄၅၉၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နေမျိုးအောင်**



# ၂၀၂၅ ခုနှစ် မေလအတွင်း (၁၆-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6"></td></tr>
<tr><td></td><td>၃</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး





**ရန်ကုန် ဇွန် ၁၄**

လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လှိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် လှိုင်မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြားပြီး လှိုင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်ထွန်းနိုင်က အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များအား ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်း စုစုပေါင်း ၁၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# အီရန်နိုင်ငံ၏ မြို့များအား အစ္စရေးကတိုက်ခိုက်

တီဟီရန် ဇွန် ၁၄

အီရန်နိုင်ငံ၏ အနောက်ဘက်နှင့် အနောက်မြောက်ပိုင်းရှိ မြို့အများအပြားကို အစ္စရေးက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း Mehr News Agency က ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

၎င်းတိုက်ခိုက်မှုများကြောင့် အီရန်နိုင်ငံ ကာမန်ရှာဒ်ပြည်နယ် ကာမန်ရှာဒ်မြို့နှင့် လိုရီစတန်ပြည်နယ် ခုရမ်ဗတ်မြို့တို့တွင် ပေါက်ကွဲသံများကြားခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

၎င်းတိုက်ခိုက်မှုများအား လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြင့် တုံ့ပြန်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ၁၄ ထပ်ရှိသည့် လူနေအိမ် အဆောက်အအုံတစ်ခုအား အစ္စရေးက ဇွန် ၁၃ ရက်တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ကလေး ၂၀ အပါအဝင် ၆၀ သေဆုံးကြောင်း အိုင်အာအိုင်ဗီရုပ်မြင်သံကြားဌာနက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

ပြောကြား

လက်ရှိအချိန်တွင် အပျက်အစီးများကြားမှ ၃၈ ဦး ကို ကယ်ထုတ်ခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အပျက်အစီးများအောက်တွင် လသားအရွယ် ကလေးများအပါအဝင် ကလေး ၁၀ ပိတ်မိနေကြောင်း သိရသည်။

အစ္စရေးလေယာဉ်များသည် အီရန်နိုင်ငံအလယ်ပိုင်းရှိ အစ်ဖဟန်နျူကလီးယားစက်ရုံအား ဇွန်၁၃ ရက်က တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်ပြောရေးဆိုခွင့်ရှိသူ အစ်ဖယ်ဒါဖရင်က ပြောကြားသည်။

အဆိုပါနေရာသည် နျူကလီးယားလက်နက်ထုတ်လုပ်ရန်အတွက် ယူရေနီယံသတ္တု ပြန်လည်သန့်စင်ရေးလုပ်ငန်းကို ဆောင်ရွက်နေသည်ဟု အစ္စရေး တပ်မတော်က ပြောကြားသည်။

တိုက်ခိုက်မှုအတွင်း ဓာတ်ခွဲခန်းများနှင့် အခြေခံအဆောက်အအုံများကို ဖျက်ဆီးခဲ့ကြောင်း ၎င်းက ပြောကြားသည်။




ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တရုတ်နိုင်ငံတွင် သဘာဝဘေးကာကွယ်ရေးဆောင်ရွက်

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဝူတစ်ကြောင့် ဖြစ်လာနိုင်သည့် သဘာဝဘေးကာကွယ်ရေးအတွက် ဇွန် ၁၄ ရက်တွင် တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဝူတစ်ဝင်ရောက် တိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်နှင့် ကွမ်တုံပြည်နယ်တို့တွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တိုင်ဖွန်းမုန်တိုင်းဝူတစ်ကြောင့် လေပြင်းတိုက်ခတ်မှုများနှင့် မိုးရွာသွန်းမှုများမှတစ်ဆင့် ပြင်းထန်သည့် သဘာဝဘေးများ ဖြစ်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို တရုတ်နိုင်ငံ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

သတိပေး

တရုတ်နိုင်ငံ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှုထိန်းချုပ်ရေးဌာန အနေဖြင့် လက်ရှိအချိန်တွင် ဟိုင်နန်၊ ကွမ်တုံနှင့် ကွမ်ကျိုးပြည်နယ်တို့သို့ သဘာဝဘေးကာကွယ်ရေးလုပ်ငန်းအဖွဲ့များကို စေလွှတ်ခဲ့ပြီး မီးသတ်သမား ၃၀၀၀ ခန့်ကိုလည်း တာဝန်ချထားခဲ့သည်။ ထို့ပြင် အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များနှင့် လေယာဉ်များကိုလည်းအရေးပေါ် အခြေအနေ စီမံခန့်ခွဲရေးဝန်ကြီးဌာနက အဆင်သင့်ပြင်ဆင်ထားရှိသည်။ တိုင်ဖွန်းမုန်တိုင်းဝူတစ်ကြောင့် မိုးရွာသွန်းမှုများ ရှိလာသဖြင့် တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ်ရှိ ဒေသခံများအား သတိပြုနေထိုင်ကြရန် တာဝန်ရှိသူများက သတိပေးခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ




# နျူကလီးယားလက်နက် ဖျက်သိမ်းရေးအတွက် အဏုမြူဗုံးဒဏ်သင့် ဂျပန်နိုင်ငံသားများ တောင်းဆို

တိုကျို ဇွန် ၁၄

ဂျပန်နိုင်ငံတွင် ၁၉၄၅ ခုနှစ်က အဏုမြူဗုံးကြဲချခံရစဉ် ဓာတ်ရောင်ခြည်သင့်ခဲ့သူ ဂျပန်နိုင်ငံသားနှစ်ဦးက နျူကလီးယားလက်နက် ဖျက်သိမ်းရေးအတွက် ပြင်သစ်နိုင်ငံတွင်ကျင်းပသည့် အခမ်းအနားတစ်ခုတွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

ပါရီမြို့တွင် ကျင်းပသည့် အခမ်းအနားတွင် အသက် (၈၇) နှစ်အရွယ်ရှိ ဂျပန်နိုင်ငံသား ယာဟာတာတာရီကိုနှင့် အသက် (၈၂) နှစ်အရွယ်ရှိ လီဒါသူနီဟီကိုတို့က နျူကလီးယားလက်နက် ဖျက်သိမ်းရေးအတွက် တောင်းဆိုခဲ့ကြသည်။ ၎င်းတို့သည် ၁၉၄၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့အား အဏုမြူဗုံးကြဲချစဉ် ဓာတ်ရောင်ခြည်သင့်ခဲ့ခြင်းဖြစ်သည်။ မိမိအနေဖြင့် အမေရိကန်နိုင်ငံအပေါ် အာဃာတထားရှိသင့်သော်လည်း လူသားတိုင်းအနေဖြင့် အတိတ်ကိုမေ့ဖျောက်ပြီး အနာဂတ်ကာလတွင် ရှေ့ဆက်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်ဟု ယူဆကြောင်း ယာဟာတာတာက ပြောကြားသည်။ ယာဟာတာတာသည် ထိုစဉ်က အသက် ၈ နှစ်အရွယ် ကလေးတစ်ဦးဖြစ်သည်။

ဆောင်ရွက်ချက်ဖြစ်

အဏုမြူဗုံး ကြဲချခဲ့သည့်ဖြစ်စဉ်အတွင်း မိမိ၏ မိခင်နှင့် အစ်မတို့ သေဆုံးခဲ့ကြောင်း နှင့် မိမိကိုယ်တိုင်လည်း ဓာတ်ရောင်ခြည်သင့်ခဲ့သဖြင့် လက်ရှိအချိန်အထိ ခန္ဓာကိုယ်တွင် အကြိတ်များရှိကြောင်း၊ လီဒါသူနီဟီကိုက ပြောကြားသည်။ ဂျပန်နိုင်ငံသည် အဏုမြူဗုံးဒဏ်ခံခဲ့ရသည့် နိုင်ငံဖြစ်သည့်အတွက် နိုင်ငံသားတစ်ဦးအနေဖြင့် မိမိ၏အတွေ့အကြုံကို နောင်လာနောက်သားများအားမျှဝေရန် တာဝန်ရှိကြောင်းနှင့် နျူကလီးယားဖျက်သိမ်းရေး လုပ်ငန်းဆောင်ရွက်ရာတွင် အင်အားသုံးဆောင်ရွက်ခြင်းသည် မသင့်တော်သည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု ယူဆကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# နယ်စပ်ဒေသတွင် မြောက်ကိုရီးယားဆန့်ကျင်ရေးစာတန်း လွှတ်တင်သူများအား အရေးယူမည်ဟု တောင်ကိုရီးယားပြောကြား

ဆိုးလ် ဇွန် ၁၄

နယ်စပ်ဒေသတွင် မြောက်ကိုရီးယားဆန့်ကျင်ရေး စာတန်းများကို ပူဖောင်းဖြင့် လွှတ်တင်ခဲ့သူများကို အရေးယူဆောင်ရွက်ရန် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ညွှန်ကြားခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

မှတ်ချက်ပြုပြောကြား

နယ်စပ်ဒေသတွင် အရပ်ဘက်အဖွဲ့အစည်းတစ်ခုက မြောက်ကိုရီးယားဆန့်ကျင်ရေးစာတန်းများကို ပူဖောင်းဖြင့် လွှတ်တင်ခဲ့သည်ဟု သတင်းရရှိကြောင်း တောင်ကိုရီးယားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ကန်ယူဂျန်က ပြောကြားသည်။ နယ်စပ်ဒေသတွင် မြောက်ကိုရီးယားဆန့်ကျင်ရေးစာတန်းများ လွှတ်တင်ခြင်းသည် တရားမဝင်ကြောင်းနှင့် ၎င်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ်တွင် စစ်ရေးတင်းမာမှုများ မြင့်တက်လာစေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

နယ်စပ်ဒေသတွင် မြောက်ကိုရီးယား ဆန့်ကျင်ရေးစာတန်းများကို ပူဖောင်းဖြင့် လွှတ်တင်ခဲ့သူများအား တောင်ကိုရီးယားနိုင်ငံ၏ ဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# နျူကလီးယားဆွေးနွေးပွဲတွင် ပါဝင်ရန် ဆုံးဖြတ်ချက်မချမှတ်ရသေးကြောင်း အီရန်ပြောကြား




တီဟီရန် ဇွန် ၁၄

အိုမန်နိုင်ငံ၌ ကျင်းပမည့် နျူကလီးယားဆွေးနွေးပွဲတွင် ပါဝင်ရန် အီရန်အနေဖြင့် ဆုံးဖြတ်ချက်မချမှတ်ရသေးကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗာဂါအီက ဇွန် ၁၄ ရက်တွင် ပြောကြားသည်။

အီရန်အပေါ် မကြာသေးမီက အစ္စရေး၏ တိုက်ခိုက်မှုများကို အမေရိကန်က စီစဉ်ဆောင်ရွက်သည်ဟု ထင်မြင်ယူဆသဖြင့် ဆွေးနွေးပွဲ တက်ရောက်ရေး ချင့်ချိန်နေရကြောင်း ၎င်းကပြောကြားသည်။ တစ်ဖက်တွင် ဆွေးနွေးမည့်ပုံစံဖြင့်ဆောင်ရွက်ပြီး အခြားတစ်ဖက်မှ တိုက်ခိုက်ရန် ဆောင်ရွက်ခြင်းကို လက်မခံကြောင်း ၎င်းကပြောကြားသည်။ အမေရိကန်နှင့် အစ္စရေး ပူးပေါင်း၍ ပဋိပက္ခမြင့်တက်လာစေရေး ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ အီရန်၏ ငြိမ်းချမ်းရေးအသွင်ဆောင်သည့် နျူကလီးယားအစီအစဉ်အရ အမေရိကန်နှင့် အီရန်အကြား နျူကလီးယားသဘောတူညီချက်ရရှိရန် နီးစပ်လာနေကြောင်းယခုသီတင်းပတ်အစောပိုင်းတွင် အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယီအဗ်ဘာ‌အရာချီက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အီရန်အပေါ် အစ္စရေး၏ စစ်ရေးအရတိုက်ခိုက်မှုများသည် အရှေ့အလယ်ပိုင်းဒေသအား မတည်ငြိမ်မှုဖြစ်စေသည်ဟု အီဂျစ်နှင့်အီရတ်ပြောကြား

ကိုင်ရို ဇွန် ၁၄

အီရန်အပေါ် အစ္စရေး၏စစ်ရေးအရတိုက်ခိုက်မှုများသည် အရှေ့အလယ်ပိုင်းဒေသအား မတည်မငြိမ်ဖြစ်စေရေးအတွက် ဆောင်ရွက်ချက်ဖြစ်သည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗားအဗ္ဗဒယ်လာတီနှင့် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖာဒ်ဟူစိန်တို့က ပြောကြားခဲ့သည်။

ပဋိပက္ခများ လျော့ပါးစေရေးဆောင်ရွက်ရန် အရေးကြီးကြောင်းနှင့် စစ်ရေးအရ ဖြေရှင်းခြင်းဖြင့် ပဋိပက္ခများ အဆုံးမသတ်နိုင်ကြောင်း အဗ္ဗဒယ်လာတီက မှတ်ချက်ပြုပြောကြားခဲ့သည်။

အီရန်၏ အချုပ်အခြာအာဏာ၊ စည်းလုံးညီညွတ်မှုနှင့် နယ်မြေပိုင်ဆိုင်မှုအပေါ် ချိုးဖောက်မှုမှန်သမျှကို အီဂျစ်က ပယ်ချကြောင်းနှင့် ပဋိပက္ခများ ထပ်မံမပြန့်ပွားစေရန် ၎င်းက တောင်းဆိုခဲ့သည်။

ပြောကြား

ဒေသတွင်း တင်းမာမှုများကိုဖြေရှင်းရာတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးကလည်း ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်နှင့် ပုသိမ်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၄၇၈ တန်၊ အခြားသစ် ၁ ဒသမ ၄၉၀ တန်၊ မီးသွေး ၉ ဒသမ ၆ တန်၊ သစ်ပုတ်မျော ၄၅ လုံးနှင့် လက်တွန်းထွန်စက်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၄၆၃၇၂၇၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ်-ရှာငံလမ်း ဆင်ခေါင်းတောင်အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၂၄၄၂၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Hinthar Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၁၂၄၄၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇွန် ၁၂ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၃၅၀၀) ကိုလည်းကောင်း၊ ပဲခူးမြို့ ရှောင်လမ်း Brother ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၆၈၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀၀) ကိုလည်းကောင်း၊ ညောင်ခါးရှည် X- Ray စစ်ဆေးရေးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၈၇၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ရန်ကုန် - မန္တလေးလမ်းဟောင်း အင်းတကော်မြို့ ဆယ်မိုင်ကုန်း ရွှေဆည်သူစားသောက်ဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၆၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၆၁၇၉၁၉၄၄ ကျပ်)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Sein Min Thar ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၇၈၇၀၃၇၂၄၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အေးရှားဝေါလ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ဇွန် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၃၂ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၆၀၈၉၁၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ နောင်ခွန်းစစ်ဆေးရေးဂိတ်အနီး မိုင်းဇင်းကျေးရွာ ရှောင်ကွင်းလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၇ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၂ မှု (ခန့်မှန်းတန်ဖိုးငွေ၂၅၅၀၂၈၇၆၃၆ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၄

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသည့် CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Thu” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၂) ရပ်ကွက်နေ ကျော်သူဌေးအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၆-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တော္ဇဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သွေးလွန်တုပ်ကွေးအန္တရာယ်ဝိုင်းဝန်းကာကွယ်ကြစို့ကွယ်
- ၀၉:၁၅ ကာတွန်းအစီအစဉ် ‘ချစ်ဝရာ သိုးဝိသားစု’ (အပိုင်း-၆)
- ၀၉:၃၀ ဗိဟာကလပ်ကမ္ဘာ့ပလားမိတ်ဆက်
- ၀၉:၄၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၀ ‘စိန့်ရတုမြန်မာ-တရုတ်ချစ်ကြည်ရေး’ တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၅ This Week's Special Interest
- ၁၃:၁၅ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္တဝင်ရုပ်ရှင် ‘ပန်းသီတဲ့ကြိုး’
- ၁၆:၄၀ Sports Diary
- ၁၆:၅၀ သတိပြုကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
- ၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၅ လေ့လာစရာစုံလင်...အဖိမြန်ပြည်တစ်ခွင် ‘ဇီဝဗိုးငှက်နှင့်မွေးမြူရေးငှက်သိုက်အကြောင်း သိကောင်းစရာ’
- ၁၈:၃၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘မုသားနောက်ကွယ်’ (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ ‘စကားပြောတဲ့စကားလုံးများကိုပုံဖော်ကိုင်သူ’ (အကယ်ဒမီငြိမ်းမင်း) (အပိုင်း-၁)
- ၂၁:၃၅ ဆေးရောင်စုံရုပ်ရှင် ‘လွမ်းလို့ကျန်ရစ်ခဲ့မှာကိုအားနာပါတယ်လေ’

### mitv

- 07:02 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:08 Famous Historic Pagodas in Yangon; Atula Dipatti Maha Muni Thetkya Koe Htat Gyi Pagoda
- 07:33 Weekly Update
- 07:42 Myanmar Childhood Games (Episode-2)
- 07:50 Hsig Khaung Village In Hsihseng
- 08:01 News
- 08:26 The 6 Pillars of the Mekong river Program; Thirty Islands Ecotourism Area
- 09:01 National Museum (Yangon) (Ep-3)
- 09:38 Family of Toys
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်)
- ၀၆:၄၀ မြန်မာသံစဉ်တေးများ
- ၀၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ဟန်ဆောင်အပြုံးနဲ့အမုန်း’ (အပိုင်း-၂၆)
- ၀၇:၃၅ စတီရီယိုတေးများ
- ၀၇:၅၅ ဇာတ်သဘင် ‘ပဟော်သတ’ (လည်ရွှဲနှင့်ချည်ထွေးတရားစီရင်ခန်း)
- ၀၈:၅၀ ချစ်စရာအရွယ်ကစားကြမယ် ‘အမှတ်(၁)မူလတန်းကြိုကျောင်း(ဗဟန်း)နှင့် မြောက်ဥက္ကလာပမူလတန်းကြိုကျောင်း’
- ၀၉:၂၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) ‘အလန်းလွန် အလွန်လန်း’

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
မိုးသားတိမ်ထုအောက်ကလှိုင်နန်းပတောင်အလှ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၅)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့မြောင်းမြမြို့ဟောင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၉)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၅)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ(မွန်ပြည်နယ် ထန်းတက်သမားဘဝနှင့်ချောင်းဆုံကလော့ကျေးရွာမှ မြန်မာမုန့်လုပ်ငန်း)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ထိန်းသိမ်းစိုလေရှိးရာအမွေ(တက်ညီလက်ညီအပြိုင်လှော်ရခိုင်ရိုးရာပြိုင်လောင်းပွဲ)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပဒိုဝ်းရိုးရာဝတ်စုံ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
စာအတူတူပတ်ကြရအောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်တိုင်းရင်းသားမနောအကဆွယ်ကာဝမ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်ဖွယ် ဥပဒေမှာ’
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၉)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Livestock on the Land
- ၁၈:၄၅ The Birth Of Sake
- ၂၀:၀၀ ချန်ပီယံလေးများ(ဇာတ်လမ်း)
- ၂၂:၀၀ Bat Man (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၂:၀၀ FIFA MFF U-19 Youth League (Replay) (YRG VS SHWE PYI THAR UNITED)
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေပိုင်း (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇွန် ၁၄

ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်း သန့်ရှင်းသာယာရေးဆောင်ရွက်နေမှုနှင့် အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်ပရဝဏ်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့သည့် တက္ကသိုလ်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရမည့်အဆောက်အအုံများကို အမြန်ပြန်လည်ပြုပြင်၍ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများအားလုံးက အထူးအလေးထား ဆောင်ရွက်ကြရန်နှင့် တက္ကသိုလ်နယ်မြေ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးကိုလည်း မပြတ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နမ့်ဘော်ဝမ်(ခ) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကာ ကျောင်းသားဦးရေနှင့် ကျောင်းစာသင်ခန်းများ လုံလောက်မှု ရှိ၊ မရှိ၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းဝင်းအတွင်း ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်များက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သည့် (၆၀ x ၂၀)ပေ အုတ်ညှပ်တစ်ထပ် စာသင်ဆောင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျောင်းဆောင်သစ်အတွက် လိုအပ်သော သွပ်၊ အုတ်နှင့် ဘိလပ်မြေများကို ပံ့ပိုးပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် လွိုင်ကော်မြို့ အောင်သီဟရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကာ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် စာသင်ခန်းများအတွင်း ကျောင်းသားဝင်ဆံ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပြင်ဦးလွင် ဇွန် ၁၄

၂၀၂၅ ခုနှစ် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ပြင်ဦးလွင်ခရိုင် အားကစားကွင်းအတွင်းရှိ အားကစားရုံ(၁)၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အားကစားမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ပိုက်ကျော်ခြင်းဝါသနာရှင်များ တက်ရောက်အားပေးကြသည်။



အဆိုပါ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ခရိုင်အတွင်း အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၁၃ ရက်မှ ၁၄ ရက်အထိ ပြိုင်ပွဲဝင်အသင်းရှစ်သင်းတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်လုပွဲတွင် M.A (က) အသင်း အနိုင်ရရှိခဲ့သည်။

ဆုပေးပွဲအခမ်းအနားတွင် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အကောင်းဆုံးကစားသမားဆုရရှိသူတို့အား ဆုတံဆိပ်များ၊ ဂုဏ်ပြုငွေများ၊ ဆုဖလားများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မုံရွာမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းအခမ်းအနား ကျင်းပ

မုံရွာ ဇွန် ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၁၂ ရက်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇင်ထက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အတူ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမြင့်ကျော်နှင့် တာဝန်ရှိသူများက ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး မုံရွာအခြေပြုရုံးများမှ အရာထမ်းသုံးဦးနှင့် အမှုထမ်း ၁၂ ဦး စုစုပေါင်း ဝန်ထမ်း ၁၅ ဦးတို့အား ကျန်းမာရေးဆေးဝါးများအပြင် အာဟာရဖြည့်စွက်စာအဖြစ် ကြက်ဥ၊ အချိုရည်နှင့် ရေသန့်ဘူးများ ပေးအပ်ခဲ့သည်။

အလားတူ တိုင်းဒေသကြီးအတွင်းရှိသက်ဆိုင်ရာရုံးများတွင်လည်း စုပေါင်းသွေးလှူဒါန်းပွဲကိုကျင်းပရာ သွေးလှူဒါန်းသူ အမှုထမ်း ၁၂ ဦး ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၆၀ | ၂၉၃၀ | ၂၈၆၅ | ၂၉၇၀ | ၂၉၈၅ | ၃၀၀၀ | ၂၉၂၀ | ၄၅၀၅ | ၃၂၁၅ | ၂၉၃၅ | ၂၉၄၀ | ၃၀၁၀ | ၂၉၇၅ | ၂၉၉၅ | ၃၂၅၀ |
| 95 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၈၅ | ၄၅၆၀ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၄၂၅ | ၂၅၃၀ | ၂၅၄၅ | ၂၅၆၀ | ၂၄၈၀ | - | ၂၇၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၇၀ | ၂၅၃၅ | ၂၅၅၅ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၈၄ | ၂၇၇၁ |
| 95 Ron | ၂၇၄၉ | ၂၈၁၇ |
| HSD (500 ppm) | ၂၂၅၉ | ၂၃၃၄ |
| HSD (50 ppm) | ၂၈၂၁ | ၂၉၀၇ |
| HSD (10 ppm) | ၂၈၂၁ | ၂၉၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ

ပေါက်ပေါက်

သွေးလွန်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားတတ်ပြီး မိုးဦးကျကာလမှစတင်၍ မိုးရာသီတွင် အဖြစ်အများဆုံးရောဂါဖြစ်သည်။ ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနေပြီး တစ်နှစ်လျှင် ရောဂါကူးစက်ခံရသူ သန်း ၄၀၀ နီးပါးရှိကြောင်း၊ ၎င်းတို့အနက် လူကြီး ၁၀ ရာခိုင်နှုန်းနှင့် ကလေး ၃၀ ရာခိုင်နှုန်းပါဝင်ကြောင်း၊ အရှေ့တောင်အာရှဒေသ၌ မုတ်သုံတောပေါ်များရာ အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း သိရသည်။ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် သွေးလွန်တုပ်ကွေးရောဂါကို ကပ်ရောဂါအဖြစ် ၁၆၃၅ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် ကပ်ရောဂါအဖြစ် ရန်ကုန်မြို့၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လူဦးရေထူထပ်ပြီး စိုစွတ်နေရာ အများအပြားရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း လေ့လာသိရှိရသည်။ ထို့ကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားစေသည့် ခြင်ကျားနှင့် ပိုးလောက်လမ်းများကို ကြိုတင်နှိမ်နင်းရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစဉ်များကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် အစဉ်သတိပြု လုပ်ဆောင်သင့်ပေသည်။

**သွေးလွန်တုပ်ကွေးဖြစ်ပွားရသည့်အကြောင်းရင်း**

သွေးလွန်တုပ်ကွေးရောဂါ၏ အဓိကတရားခံမှာ အေးဒိစ်ခြင်ကျားများဖြစ်ပြီး ရေကြည်ရေသန့်တွင် ပေါက်ပွားလေ့ရှိသည်။ ခြင်ကျားသည် ပိုးလောက်လမ်းဘဝမှ ခြင်ကောင်ဖြစ်ရန် ခုနစ်ရက်ခန့်ကြာမြင့်သည်။ ခြင်တစ်ကောင်၏ ပျမ်းမျှသက်တမ်းသည် တစ်လမှ သုံးလခန့်ရှိသည်။ ခြင်မတစ်ကောင်သည် သူ့သက်တမ်းတစ်လျှောက် အနည်းဆုံး ခုနစ်ကြိမ်ခန့် အောင်အောင်မြင်မြင် ဥနိုင်သည်။ တစ်ကြိမ်ဥလျှင် ရာသီဥတုနှင့် နေရာတို့အပေါ်မူတည်၍ ဥ ၅၀ မှ ၃၀၀ ခန့်အထိ ဥနိုင်သည်။ မိုးရွာပြီးနောက် ရေအိုင်များ၊ အိုးခြမ်းပဲ့များ၊ ဘက်ထရီအိုးဟောင်းများတွင် မိုးရေတင်ကျန်ခဲ့ပြီးနောက် နေထွက်လာသောအခါ ပိုးလောက်လမ်းများ ပေါက်ပွားလာကြကာ ၎င်းမှတစ်ဆင့် ခြင်ကျား (ခေါ်) ခြင်ပုန်းများဖြစ်လာသည်။ ခြင်ပုန်းများမှာ ပေါက်ပွားမှုမြန်ဆန်ပြီး ကိုက် ၁၀၀ အထိ ပျံသန်းနိုင်ကြသည်။

ခြင်ဆိုးများသည် လူတစ်ဦးဆီမှ နောက်တစ်ဦးဆီသို့ မတူညီသောသွေးများကို သယ်ဆောင်၍ သွေးစုပ်ခြင်းဖြင့် လူထုအကြားသွေးလွန်တုပ်ကွေးရောဂါ အစပျိုးဖြစ်ပေါ်လာရသည်။ ရှေးကာလများက အသက် သုံးနှစ်နှင့် ၁၅ နှစ် အရွယ်ကလေးများတွင်သာ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များကြပြီး နောက်ပိုင်းတွင် တစ်နှစ်အောက်ကလေးများသာမက အသက် ၁၅ နှစ်အထက် (၂၅ နှစ်မှ ၃၀ နှစ်) အရွယ်များလည်း သွေးလွန်တုပ်ကွေးဖြစ်လာကြပြီး လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုများသည်။ ယခုကဲ့သို့ မိုးဦးဇွန်လမှစကာ စက်တင်ဘာလအထိ အဖြစ်များ၍ သတိနှင့် ကြိုတင်ကာကွယ်ကြရန် အရေးကြီးသည်။

**သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ**

ရောဂါလက္ခဏာများမှာ အပူချိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်နှင့်အထက် အဖျားကြီးခြင်း၊ ကိုယ်အပူချိန် ၁၀၅ ဒီဂရီဖာရင်ဟိုက်ခန့်အထိ ရုတ်တရက်ဆောင့်တက်လာခြင်း၊ ခေါင်းလွန်စွာကိုက်ခဲခြင်း၊ နားထင်များ နာကျင်ကိုက်ခဲခြင်း၊ အရိုး၊ ကြွက်သား၊ အရိုးအဆစ် စသည့် ကိုယ်လက်ကိုက်ခဲခြင်း၊ ဗိုက်နာဗိုက်အောင့်ပြီး ဗိုက်ကိုအထိမခံနိုင်ခြင်း၊ ခိုက်ခိုက်တုန်၍ ခြေဖျားလက်ဖျား အေးစက်ခြင်း၊ အရေပြားပေါ် အနီရောင်အစင်းကြောင်းများ ပေါ်လာခြင်း၊ မျက်နှာနီအမ်းခြင်း၊ ပင်ပန်းနွမ်းနယ်ကာ အချိန်ပြည့်မှိန်းနေတတ်ပြီး အစာစားချင်စိတ်မရှိခြင်း၊ အစားအသောက် အရည်ဝင်ပြီးသည်နှင့်တစ်ပြိုင်နက် အန်ထွက်ခြင်း၊



လည်ချောင်းနာခြင်း စသည်တို့ဖြစ်သည်။ အချို့သူများမှာ ချောင်းဆိုး၊ နှာစေး၊ ဝမ်းပျက်ဝမ်းလျှော ဖြစ်တတ်သည်။

**သွေးလန့်ခြင်းရောဂါလက္ခဏာများ**

အထက်ပါလက္ခဏာများသည် သာမန်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီး ဆေးဝါးကုသမှုခံယူပါက ပျမ်းမျှ ရက်သတ္တပတ်အတွင်း ပြန်လည်ကောင်းမွန်နိုင်ပါသည်။ သို့သော် သုံးရက်မှ ငါးရက်အတွင်း အဖျားတက်ရာမှ ရုတ်တရက် အဖျားကျလာပြီး တော်တော်နှင့်မလန်းဆန်းဘဲ လေးလံထိုင်းမှိုင်း၍ မှိန်းနေခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ခြေလက်များအေးစက်ခြင်း စသည်တို့သည် သွေးလန့်ခြင်းလက္ခဏာများဖြစ်သည်။ အထူးသဖြင့် ကလေးများမှာ သွေးလန့်လေ့ရှိကြသည်။ “သွေးလန့်ခြင်း” ဆိုသည်မှာ ခန္ဓာကိုယ်အနှံ့အပြားသို့ သွေးသွားလာမှု လျော့သွားခြင်းကို ဆိုလိုပါသည်။ သွေးရည်ကြည်များ ပြင်ပသို့ ခဏထွက်သွားသည်ဟု ဆေးသိပ္ပံပညာအရပြောလေ့ရှိပြီး အသက်အန္တရာယ်စိုးရိမ်ရသဖြင့် “အဖျားကျစဉ်မလန်းလျှင် အစဉ်သတိချပ်”ဟု ပြောစမှတ်ပြုကြသည်။

သွေးလန့်သော အခြားလက္ခဏာများမှာ မတ်တတ်ရပ်စဉ် မူးယိုင်ခြင်း၊ မကြာခဏ အဖျားတက်လိုက် ကျလိုက်ဖြစ်ခြင်း၊ မောပန်းခြင်း၊ သွေးခုန်နှုန်း သိသိသာသာ ကျဆင်းသွားခြင်း၊ အာခံတွင်းခြောက်သွေ့ခြင်း၊ အသက်ရှူနှုန်းမြန်ဆန်လာခြင်း၊ အသည်းရောင်ခြင်း၊ ကော်ဖီရောင်ပျို့အန်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ နှာခေါင်းသွေးလျှံခြင်း၊ သွေးဖြူဥနည်းသွားခြင်း၊ ဆီးနည်းလာပြီး ဆီးထဲသွေးပါခြင်း၊ ကတ္တရာစေးအရောင် ဝမ်းအမည်းများသွားခြင်း စသည်တို့ဖြစ်ကြသည်။ ထိုအခြေအနေမျိုးတွင် နီးစပ်ရာဆေးရုံဆေးခန်းများသို့ပြသရန် လွန်စွာအရေးကြီးသည်။

**ရောဂါဖြစ်နေချိန် ရှောင်ကြဉ်ရမည့်အစားအစာများ**

သွေးလွန်တုပ်ကွေးရောဂါဖြစ်နေပါက အစာမဖြတ်သင့်ဘဲ အစားအသောက်များစားရမည်။ စွပ်ပြုတ်ရည်၊ ဓာတ်ဆားရည် စသည့်အားရှိစေမည့်အစားအသောက်များကို ဝင်အောင်ကျွေးမွေးရပါမည်။ အစာပျော့ပျော့ကျွေးရမည်။ ကော်ဖီ၊ လက်ဖက်ရည်၊ ချောကလက် စသောအညိုရောင်ပါသည့် အစားအသောက်များကို ရှောင်ကြဉ်ရမည်။ အဘယ်ကြောင့်ဆိုသော် သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လာပါက ကော်ဖီရောင်အန်တတ်ခြင်းကြောင့်ဖြစ်သည်။

**ခြင်ကိုစားသော ဒေါင်းငါး**

မြန်မာအခေါ်အဝေါ်ဒေါင်းငါး၊ သိပ္ပံအမည်မှာ *Poecila reticulate* ဖြစ်ပြီး မူရင်းဒေသမှာ ဘရာဇီး၊ ဗင်နီဇွဲလား၊ နယ်သာလန်နှင့် ဂျမေကာတို့ဖြစ်သည်။ အဆိုပါ ဒေါင်းငါးများသည် ခြင်သားလောင်း (ပိုးလောက်လမ်း)များကို စားသုံးသည့် အလေ့အထရှိခြင်းကြောင့် ခြင်များကို အလိုအလျောက် နှိမ်နင်းပြီးသားဖြစ်သွားကာ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဆင်ခြေထောက်ရောဂါများမှ ကြိုတင်ကာကွယ်နိုင်သည်။ ထို့ကြောင့် ခြင်ကြောင့်ဖြစ်သောရောဂါများမှ ကာကွယ်ရန်အလို့ငှာ ဒေါင်းငါးတို့အား အရပ်ရပ်သို့သယ်ယူကြရာမှ ဒေါင်းငါးများလည်း ကမ္ဘာအနှံ့အပြားသို့ ရောက်ရှိပျံ့နှံ့သွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့လည်း ကိုလိုနီခေတ်ကပင် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် အင်္ဂလိပ်တို့က သယ်ဆောင်လာရာမှတစ်ဆင့် ဒေါင်းငါးများ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းမျိုးစိတ်တွင် ငါးအထီး၏အမြီးသည် ဒေါင်းမြီးသဖွယ် အရောင်စုံကာ လှပသည့်အတွက် ဒေါင်းငါးဟူ၍ မြန်မာအမည်ပေးခြင်းဖြစ်ပေသည်။ ၎င်းအလှမွေးငါးများသည် ရေချိုငါးမျိုးစိတ်ဖြစ်သော်လည်း ဆားငန်နှုန်းကို အတော်အတန်ခံနိုင်ရည်ရှိ၍ ရေငန်အတက်အကျရှိသော မြစ်ဝကျွန်းပေါ်ဒေသတို့၌လည်း ရှင်သန်နိုင်သည်။

ဒေါင်းငါးများ၏ အစာစားသည့်အလေ့အထသည် အစုံစားငါးမျိုးဖြစ်ရာ သဘာဝတွင် ရေပိုးမွှားများ၊ ရေပင်ပေါက်လေးများကိုစားသည်။ အထူးသဖြင့် ခြင်သားလောင်း၊ ပိုးလောက်လမ်းများကို အဓိကထားစားကြသောကြောင့် ခြင်နှိမ်နင်းရေးငါးမျိုးအဖြစ် ကျော်ကြားသည်။ ခြင်ဥများမှတစ်ဆင့် ပိုးလောက်လမ်းများဖြစ်နေသော ရေပြင်ထဲသို့ ဒေါင်းငါးမျိုးများကို တစ်ကြိမ်ထည့်ပေးထားရုံဖြင့် ၎င်းငါးလေးများက ခြင်နှိမ်နင်းရေးကို သားစဉ်မြေးဆက်အလိုက် စဉ်ဆက်မပြတ် ပြုလုပ်ပေးသွားကြမည်ဖြစ်သည်။ ဤနည်းလမ်းသည် သက်ရှိကို သက်ရှိဖြင့် ပြန်လည်ထိန်းချုပ်သည့် ဇီဝနည်း (Biological Control) ဖြစ်သည်။

စမ်းသပ်ချက်များအရ တစ်လက်မခွဲအရွယ် ဒေါင်းငါးအထီးတစ်ကောင်သည် တစ်ရက်လျှင် ခြင်လောက်လမ်းကောင်ရေ ၃၀ ခန့်စားနိုင်ပြီး နှစ်လက်မခွဲအရွယ် ဒေါင်းငါးအမတစ်ကောင်လျှင် ခြင်လောက်လမ်းကောင်ရေ ၆၀ ခန့်ကိုစားသည်။ ထို့ကြောင့် မိမိတို့ရပ်ရွာရှိ နေအိမ်များနှင့် စာသင်ခန်း၊ စာသင်ကျောင်းများအနီးတစ်ဝိုက်ရှိ သောက်သုံးရေကန်များ၊ ရေနုတ်မြောင်းများ၊ ရေသိုလှောင်ရာ တိုင်ကီ၊ အိုးခွက်များ၊ အုတ်ကန်ကြီးများအတွင်း ဒေါင်းငါးလေးများကို ထည့်သွင်းထားသင့်သည်။ ဒေါင်းငါးလေးများကို နီးစပ်ရာအလှမွေးငါးအရောင်းဆိုင်များ၊ အလှမွေးငါးသားဖောက်ရောင်းချသူများ၊ မြန်မာနိုင်ငံ ငါးအလှမွေးမြူသူများအသင်းနှင့် အလှမွေးငါးများ လက်ကားရောင်းချသည့်ဆိုင်များတွင် ဝယ်ယူနိုင်ကာ ရေကန်များအတွင်း ဒေါင်းငါးမျိုးထည့်သွင်းမွေးမြူခြင်းဖြင့် ခြင်အန္တရာယ်ကာကွယ်သည့် လုပ်ငန်းစဉ်တွင် Mosquito Control အနေဖြင့် ဆောင်ရွက်နိုင်သည်။

**ကြိုတင်ကာကွယ်ရန် နည်းလမ်းကောင်းများ**

ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်သည့် (ဥ – ပိုးလောက်လမ်း–ပိုးရုပ်ဖုံး–သက်ကြီးကောင်) ဖြစ်စဉ်မှာ ပျမ်းမျှရှစ်ရက်မှ ၁၀ ရက်ခန့်အထိ ကြာမြင့်သည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တို့တွင် ရက်သတ္တပတ်လျှင် အနည်းဆုံးတစ်ကြိမ် ခြင်ကျားလောက်လမ်းရှာဖွေပြီး လောက်လမ်းပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းကို တိုက်ချွတ်စသည်ဖြင့် ဆောင်ရွက်ရန်လိုအပ်သည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်လာမှ ကုသခြင်းထက် မဖြစ်အောင် ကြိုတင်ကာကွယ်ထားဖို့လိုသည်။ ထို့ကြောင့် “ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုထိရောက်၏ – Precaution is better than Cure” ဟု ဆိုကြခြင်းဖြစ်သည်။ အရေးအကြီးဆုံးမှာ ခြင်ကိုက်မခံရစေရန် ဖြစ်ပါသည်။ နေ့လယ်နေ့ခင်းတွင်လည်း အင်္ကျီလက်ရှည်၊ ပုဆိုးရှည်ရှည် ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်ရန် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ခြံတွင်းခြံပြင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကိုယ်ထုကိုယ်ထ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့အပြင် အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်း၊ အိမ်သာ (မိလ္လာ) သန့်ရှင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း စသည့် သန့် (၅) သန့်နှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် အိမ်ထောင်စုတစ်စုချင်းစီတိုင်း တာဝန်ယူကြမည်ဆိုပါလျှင် သန့်ရှင်းကျန်းမာသော စံပြရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ သွေးလွန်တုပ်ကွေးရောဂါ ကျဆင်းလာမည်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ ◆

❋ **သန့် (၅) သန့်နှင့်အညီ မိမိအသိစိတ်ဓာတ်ဖြင့် အိမ်ထောင်စုတစ်စုချင်းစီတိုင်း တာဝန်ယူကြမည်ဆိုပါလျှင် သန့်ရှင်းကျန်းမာသော စံပြရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်မှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ သွေးလွန်တုပ်ကွေးရောဂါ ကျဆင်းလာမည်**

❋ **သွေးလွန်တုပ်ကွေးရောဂါသည် ရာသီတစ်ခုတည်းတွင်ပင် နှစ်ခါပြန်ဖြစ်နိုင်သည့်အတွက် ပထမတစ်ကြိမ်ဖြစ်ပြီးသွားပြီဆိုကာ မပေါ့ဆကြရန်နှင့် ပထမတစ်ကြိမ် သွေးလွန်တုပ်ကွေးဖြစ်ဖူးသူသည် နောက်တစ်ကြိမ်ထပ်ဖြစ်လျှင် ပိုဆိုးတတ်ကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထား**

## မြန်အောင်မြို့နယ်၌ အမှိုက်စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးသရုပ်ပြသ

မြန်အောင် ဇွန် ၁၄

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ် မြန်အောင်မြို့မ နေခြည်ဈေး၊ စာသင်ကျောင်းများနှင့် မြန်အောင်ဘူတာတို့တွင် ယနေ့နံနက်ပိုင်းက အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး ဟောပြောသရုပ်ပြသည်။



**ကြည့်ရှုအားပေး**

မြန်အောင်မြို့နယ် အတွင်း အမှိုက်များ စနစ်တကျ ခွဲခြား စွန့်ပစ်တတ်စေရန် အတွက် ဈေးများ၊ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ လူစည်ကားရာ နေရာများတွင် အမှိုက်ပုံးများ ထားရှိ၍ အမှိုက်အမျိုးအစား ခွဲခြား စွန့်ပစ်တတ်စေရန် ဘေးအန္တရာယ်ရှိအမှိုက်၊ အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက် စသည်တို့အား ခွဲခြားစွန့်ပစ်စေရေး အသိပညာပေးခြင်းတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး အသိပညာပေး

မော်လမြိုင်ကျွန်း ဇွန် ၁၄

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်၍ မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက အ.မ.က မင်းကျောင်း၊ ဌာနဆိုင်ရာရုံးများနှင့် မြို့မဈေး၊ အောင်သာယာ ဈေးတို့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးပွဲကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ



ညွှန်ကြားရေးမှူး ဦးမင်းဇော်က အမှိုက်စွန့်ပစ်သည့် စနစ်အား စံပြ ဆောင်ရွက်နိုင်ရေးအတွက် ပလတ်စတစ် အမှိုက်အတွက် အပြာရောင်ပုံး၊ အမှိုက်စိုအတွက် အစိမ်းရောင်ပုံး၊ အမှိုက်ခြောက်အတွက် အဝါရောင်ပုံးနှင့် ဘေးအန္တရာယ် အမှိုက်အတွက် အနီရောင်ပုံးများဖြင့် စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

မြစ်သား ဇွန် ၁၄

မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမြတ်ကိုနှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများကို မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန ရုံးခန်း၌ ယနေ့နံနက်ပိုင်းက စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။



**ကာကွယ်ဆေးထိုးနှံပေး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ အသက်(၁၈)နှစ်အထက်ရှိသည့် ရပ်ကွက်နေပြည်သူများအား ဇွန် ၁၄ ရက်နှင့် ၁၅ ရက်များတွင် ကာကွယ်ဆေးထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့် (မြစ်သား)**

## ကျိုက်မရောမြို့နယ်၌ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

ကျိုက်မရော ဇွန် ၁၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကိုဗစ် -၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် ကာကွယ်ဆေး အနည်းဆုံးသုံးကြိမ်ထိုးနှံပြီးသူများနှင့် လုံးဝမထိုးနှံရသေးသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇွန် ၁၂ ရက်နံနက်ပိုင်းမှ စတင်ကာ မြို့နယ်ပြည်သူ့ဆေးရုံ၌ နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇင်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရောဂါကာကွယ် ထိန်းချုပ်ခြင်းနှင့် ကာကွယ်ဆေး ထိုးနှံခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ ကိုဗစ်- ၁၉ ကာကွယ်ဆေး လာရောက်ထိုးနှံသူ များပြားလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

"မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ"

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံ အဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ

◆ စာမျက်နှာ ၁၆ မှ

ကူးစက်ရောဂါဆိုင်ရာ (Epidemiology) အရ သွေးလွန်တုပ်ကွေးရောဂါသည် လေးနှစ်လျှင်တစ်ကြိမ် အပြင်းအထန် (Out-break) ဖြစ်ပွားတတ်သည်။ ထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာစာရင်းဇယားများအရ မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် သွေးလွန်တုပ်ကွေးရောဂါ အပြင်းအထန်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါသည် ရာသီတစ်ခုတည်းတွင်ပင် နှစ်ခါပြန်ဖြစ်နိုင်သည့်အတွက် ပထမတစ်ကြိမ် ဖြစ်ပြီးသွားပြီဆိုကာ မပေါ့ဆကြရန်နှင့် ပထမတစ်ကြိမ် သွေးလွန်တုပ်ကွေးဖြစ်ဖူးသူသည် နောက်တစ်ကြိမ်ထပ်ဖြစ်လျှင် ပိုဆိုးတတ်ကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထားသည်။

အချုပ်အားဖြင့်ဆိုသော် မိုးဦးကျ ဇွန်လဆန်းပိုင်းမှစပြီး အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပါသည်။ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများက လွန်စွာအရေးပါသည့်အလျောက် အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်အတူ မိဘပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များအား ကူးစက်ရောဂါများမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံရာသီဥတုသည် စွတ်စိုသောမိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးရာသီကာလတွင် မလွဲမသွေဖြစ်လေ့ရှိသော သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ အရေပြားရောဂါ စသည့် ကူးစက်တတ်သော ရောဂါအမျိုးမျိုးတို့အပြင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးများကိုလည်း အစဉ်သတိရှိကြစေလိုပါသည်။ ဖော်ပြပါ မိုးရာသီကာလ ဖြစ်လေ့ဖြစ်ထရှိသောရောဂါများသည် အထိုက်အလျောက် ကြိုတင်ကာကွယ်နိုင်သည့် ရောဂါများဖြစ်ကြရာ မိမိနှင့် မိသားစုတစ်စုချင်းစီအလိုက် ရောဂါမဖြစ်အောင် ကျန်းမာရေးနှင့် လျော်ညီစွာ ပြုမူနေထိုင်ကြခြင်းဖြင့် ကြိုတင်ကာကွယ်စေလိုကြောင်း အကြံပြုလိုက်ရပါသည်။ ။

# လျှော်ဘေးအန္တရာယ်သိကောင်းစရာများ ဟောပြောပွဲကျင်းပ




ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းကကြီးမှူး၍ လျှင်ဖြစ်ပေါ်ရခြင်း၊ လျှင်မတိုင်မီ၊ လျှင်လှုပ်ခတ်နေစဉ်နှင့် လျှင်အပြီး ဘေးကင်းစွာနေထိုင်နည်း၊ အဆောက်အအုံများ အန္တရာယ် ရှိ၊ မရှိ စစ်ဆေးရမည့်နည်းလမ်းများ၊ မှားယွင်းသောသတင်းများကို သိရှိရှောင်ရှားရမည့်နည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်တို့ကို ဘူမိသိပ္ပံနှင့် အင်ဂျင်နီယာပညာရှင်များ၏ ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက လှိုင်မြို့နယ်ရှိ MICT Park ကွန်ဖရင့်ဟောခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးမျိုးမင်းဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှဘော်က ဟောပြောပွဲအကြောင်း အနှစ်ချုပ်ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာညဏ်မြင့်ကျော်က လျှင်လှုပ်ပြီးသောဒေသများတွင် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများ ပြုပြင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ လျှင်ဒဏ်ခံအဆောက်အအုံဆောက်လုပ်ရာတွင် ဆောင်ရန်ရှောင်ရန်တို့ကို ဟောပြောပို့ချသည်။

ယင်းနောက် မြန်မာနိုင်ငံမြေလျှင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က လျှင်ဖြစ်ပေါ်ရခြင်းအကြောင်းရင်း၊ လျှင်မတိုင်မီ၊ လျှင်လှုပ်ခတ်နေစဉ်နှင့် လျှင်ပြီးချိန်တွင် ဘေးကင်းစွာနေထိုင်နည်း၊ မိမိနေထိုင်သောအဆောက်အအုံ အန္တရာယ် ရှိ၊ မရှိ စစ်ဆေးရမည့်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

အထပ်မြင့်အဆောက်အအုံနှင့် အများပိုင် အဆောက်အအုံများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က လျှင်အန္တရာယ်လျော့ပါးသက်သာစေရန်အတွက် ဆောက်လုပ်ရေးကဏ္ဍတွင် ပြုပြင်ထိန်းသိမ်းရမည့် အားနည်းချက်များနှင့် Authority၊ Owner၊ Professional တို့ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ဟောပြောပို့ချသည်။

GEOTECH မှ မန်နေးဂျင်းဒါရိုက်တာ ဦးညွန့်ဦးက လျှင်လှုပ်ခတ်သောအခါ အောက်ခံမြေအမျိုးအစားကြောင့်အဆောက်အအုံများအပေါ် အကျိုးသက်ရောက်မှုများ၊ လျှင်ဒဏ်ခံအဆောက်အအုံအတွက် ဒီဇိုင်းထုတ်ရာတွင် လိုအပ်သော Soil investigation မြေစမ်းသပ်မှု၏အရေးပါပုံတို့ကို ပြောကြားသည်။

ထို့နောက် အထပ်မြင့်အဆောက်အအုံနှင့် အများပိုင်အဆောက်အအုံများ စိစစ်ရေးကော်မတီအတွင်းရေးမှူး ဒေါ်မြမြဝင်းက လက်ရှိအသုံးပြုနေသော existing building များအား လျှင်လှုပ်ခတ်ခြင်းကြောင့် ထိခိုက်မှုအန္တရာယ်လျော့ကျစေနိုင်မည့်နည်းလမ်းများကို ဆွေးနွေးအကြံပြုပေးပါရန် တင်ပြရာ ပညာရှင်များက ဖြေကြားကြသည်။

ဟောပြောဆွေးနွေးပွဲအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း အတွင်းရေးမှူးဒေါက်တာကျော်ဖြိုးလင်းက ဆွေးနွေးဟောပြောပို့ချသည့် ဘူမိသိပ္ပံနှင့် အင်ဂျင်နီယာပညာရှင်တို့ကို မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ပြီး အသင်းဥက္ကဋ္ဌ ဒေါ်ခင်တိုးယဉ်က ကျေးဇူးတင်စကားပြောကြားသည်။

မျိုးမင်းသူရ



# ကညွတ်ကွင်းမြို့၌ ယဉ်ကျေးလိမ္မာသင်တန်း အချိန်တိုသင်ကြားပေး

ဖြူး ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ပုပ္ပါးကျောင်းစာသင်တိုက်၌ ကလေးလူငယ်များအား ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းကို တစ်ပတ်လျှင် တနင်္ဂနွေနေ့တစ်ရက် အားလပ်ချိန်များတွင် အချိန်တိုအတွင်း သင်ကြားပေးလျက်ရှိသည်။

**အချိန်ပိုင်းသင်ကြားပို့ချ**

အဆိုပါ သင်တန်းကို တစ်ပတ်လျှင် တစ်ရက် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ အချိန်ပိုင်းသင်ကြားပို့ချပေးနေကြောင်းနှင့် ဖြူးမြို့နယ်အတွင်း ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်များကို ကြီးကြပ်ဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့စည်းဝေး

ပေါင် ဇွန် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များကို ကြီးကြပ်ဆောင်ရွက်ရန် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်များကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော မြို့နယ်အဆင့် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ အီလက်ထရောနစ်မဲပေးစက် လက်တွေ့အသုံးပြုနိုင်ရန် ဆင့်ပွားသင်တန်းဖွင့်လှစ်နိုင်ရေး၊ သင်တန်းသားရရှိရေးနှင့် အီလက်ထရောနစ်မဲပေးစက် လုံခြုံရေးရှိရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ဆက်လက်၍ အီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ပခုက္ကူမြို့၌ စားသုံးသူရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

ပခုက္ကူ ဇွန် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် စားသုံးသူရေးရာအသိပညာပေး ဟောပြောပွဲကျင်းပသည်။

**ရှင်းလင်းဟောပြော**

ဟောပြောပွဲတွင် ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယ



ဦးစီးမှူး ဒေါ်နွယ်နွယ်အေးနှင့် ဒေါ်သူဇာကျော်တို့က စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ ကုန်ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ၊ အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့် အွန်လိုင်းရောင်းဝယ်ခြင်းဆိုင်ရာများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ ကုန်စည်နှင့်ဝန်ဆောင်မှုကို တိုက်ရိုက်သုံးစွဲသူပြည်သူများ ရရှိခံစားရမည့်အကျိုးကျေးဇူးများ၊ Consumer Call Center(1535) သို့ ဆက်သွယ်၍ စားသုံးသူရေးရာနှင့်ပတ်သက်ပြီး ဆွေးနွေးမေးမြန်းခြင်း၊ တိုင်ကြားနိုင်ခြင်း စသည့်အကြောင်းအရာတို့ကို ရှင်းလင်းဟောပြောကြရာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစန်းအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဟောပြောမှုအပေါ် နားလည်မှတ်သားနိုင်မှု စွမ်းရည်အခြေအနေများ မေးမြန်းကာ အဖြေမှန်ရရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခြင်း၊ စားသုံးသူရေးရာ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# ကဝမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ကဝ ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကလေးအလုပ်သမား ပပျောက်ရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတ ရရှိစေရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီက ထုတ်ဝေသော ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး




လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့ညနေ ၄ နာရီက အခြေခံပညာ အထက်တန်းကျောင်း(ကဝ)၌ အခမဲ့ဖြန့်ဝေခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ကလေးအလုပ်သမား ပပျောက်ရေးအတွက် ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်း/အလုပ်၊ ကလေးများ လုပ်သောအလုပ်နှင့် ကလေးသူငယ်အခွင့်အရေး စသည့် အချက်များပါရှိသော လက်ကမ်းစာစောင်များကို ကျောင်းသားကျောင်းသူများ၏ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

# မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် လေပွေလှိုင်းများ၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၄**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**










# FIFA-MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

FIFA-MFF ယူ-၁၅ လူငယ်လိဂ်ဘောလုံးပြိုင်ပွဲ ရန်ကုန်ဇုန် ပွဲစဉ်(၁၁)၊ မန္တလေးဇုန်နှင့် တောင်ကြီးဇုန် ပွဲစဉ်(၈) ပထမနေ့ကို ဇွန် ၁၄ ရက်က ဆက်လက်ကျင်းပသည်။

မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) လေ့ကျင့်ရေးကွင်း၌ကျင်းပသည့် မန္တလေးဇုန် ပွဲစဉ်(၈) ပထမနေ့တွင် STNM အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ၁၀ ဂိုး-ဂိုးမရှိ၊ Youth Soccer Future အသင်းက အနီးစခန်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ တောင်ကြီးမြို့ ပြည်နယ်ကွင်း၌ ကျင်းပသည့် တောင်ကြီးဇုန် ပွဲစဉ်(၈) ပထမနေ့တွင် အင်းလေးလူငယ်အသင်းက ရှမ်းအရှေ့(TCL အကယ်ဒမီ) အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရှမ်းတောင်အသင်းက Middle Shan State အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်းများ၌ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ်(၁၁) ပထမနေ့တွင် ရွှေပြည်သာယူနိုက်တက်အသင်းက မြသီတာအသင်းကို သုံးဂိုး-တစ်ဂိုး၊ ရှိုင်ရယ်ရန်ကုန်အသင်းက Yangon Focus အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်တောင်ဇလပ် အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို လေးဂိုး-သုံးဂိုး၊ အာသာဝတီအသင်းက Golden Light United အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဇုန်သုံးခုတွင် ဦးဆောင်လျက်ရှိသည့် ရန်ကုန်ဇုန်မှ ရှိုင်ရယ်ရန်ကုန်အသင်း၊ မန္တလေးဇုန်မှ STNM အသင်း၊ တောင်ကြီးဇုန်မှ ရှမ်းတောင်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိကာ ဆက်လက်ဦးဆောင်လျက်ရှိသည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MFF**


မန္တလေးဇုန်တွင် STNM အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ပဲခူးမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပဲခူး ဇွန် ၁၄**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့ ဟံသာဝတီ ဗုဒ္ဓဂါယာ(ရွှေဂူကြီး) ဘုရားဝင်းအတွင်း၌ ဇွန် ၁၃ ရက် နံနက်ပိုင်းက စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စိုးစိုးသက်၊ ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေးနှင့် တိုင်းဒေသကြီးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြပြီး စိန်ပန်းဝါ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခရေ၊ ကံ့ကော်၊ ပိတောက်၊ ပျဉ်းမ၊ ငုရွှေဝါ၊ မည်စည် စသည့်သစ်ပင်မျိုးစိတ် ကိုးမျိုး၊ ပျိုးပင်ပေါင်း ၇၅၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**






# ငဖဲမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ငဖဲ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ပေကုန်းကျေးရွာ ကန်လယ်မင်းဘုန်းတော်ကြီးကျောင်းအနီး၌ ကျင်းပသည်။

ဦးစွာ ငဖဲမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ပေကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများအား ပျိုးပင်များ ပေးအပ်ပြီး သတ်မှတ်နေရာများတွင် မဲဇလီပျိုးပင် ၂၀၀ နှင့် ယင်းမာပင် ၂၀၀ စုစုပေါင်း အရိပ်ရပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကော့မှူး ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ လူငယ်သင်တန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**စိုက်ပျိုးခဲ့**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းက မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမင်း၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအေးကျော်နှင့် တာဝန်ရှိသူများက မန်းဂျန်ရှားပင် ၆၀၀ တို့အား သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



ဝတ္ထုတို

# မောင်လွှား(ဝမ်းတွင်း)




(၁)

တဖြူးဖြူး တိုက်ခတ်နေသော လေပြည်လေညင်းနှင့်အတူ သင်းပျံ့မွှေးထုံနေသော မိုးနံ့လေးများက လေဝှေ့လိုက်တိုင်း မွှေးပျံ့လျက်ရှိသည်။ တစ်ချက်တစ်ချက် ခပ်ပြင်းပြင်း တိုက်ခတ်လာသောလေကြောင့် ညက တစိမ့်စိမ့်အေးလာသည်။ သို့သော် ထိုအအေးဓာတ်များက ကျွန်တော့်ရင်ထဲက အပူများကို အန်တုကာ ဖြိုခွင်းပေးနိုင်မည် မဟုတ်ပေ။ စဉ်းစားကြည့်ပြန်လျှင်လည်း ကျွန်တော်ပဲ အသုံးမကျလေသလား။ သားသမီးတွေပဲ အသုံးမကျ လေသလားကိုပင် မသိတော့ပေ။ ဖြစ်ခဲ့သမျှ အရာရာတိုင်းကို ကျွန်တော်လည်း ဘာမျှမတတ်နိုင်တော့ပေ။ ဖြစ်ခဲ့ပြီးမှ ဟိုလူ့အပြစ်တင်၊ သည်လူ့ကို အပြစ်ဖို့ လုပ်နေလျှင်လည်း စိတ်ဆင်းရဲရုံမှတစ်ပါး ဘာမျှဖြစ်လာဖွယ်မရှိပေ။ ထို့ကြောင့် အားနေလျှင် မိန်းမဖြစ်သူကို မြည်တွန်တောက်တီးတတ်သော သားဖြစ်သူ အောင်မင်းဟိန်းကို ပြောဆိုဆုံးမထားရသည်။ ဖြေမဆည်နိုင်သောစိတ်ကြောင့် ဝမ်းနည်းမိသော်လည်း ဖြစ်သမျှအကြောင်း အကောင်းပဲဟုပင် နှလုံးသွင်း၍ နေနေရသည်။ သို့သော် ထိုအကြောင်းကို တွေးလိုက်မိတိုင်း ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များက အတားအဆီးမရှိ ဆင်းသက်လာကြသည်။ ညအိပ်ရာဝင်တိုင်း ထိုအကြောင်းအရာများက ကျွန်တော့်အတွေးထဲသို့ ဝင်ရောက်လာသည်။

(၂)

"ဟယ်လို...သား၊ ပြောလေ"

"အမေ နေကောင်းတယ်မလား။

"ငါ့သား အဲဒီလိုမေးရင်ကို အမေက လန့်နေပြီ"

"ဟာ အမေက အလွတ်ရနေပြီပေါ့။ ဟုတ်တယ် အမေ၊ စာမေးပွဲဖြေခါနီး ဆိုတော့ လိုနေလို့ပါ။ အဲဒါ သားကိုပိုက်ဆံ တစ်သိန်းလောက် လွှဲပေးပါဦး"

"အေးအေး ငါ့သား နှစ်ရက်လောက်တော့ စောင့်ဦး။ အမေ လွှဲပေးလိုက်မယ်။ စာမေးပွဲဖြေပြီးရင်လည်း ရွာကိုပဲ တန်းတန်းမတ်မတ်ပြန်ခဲ့နော်။ ဟိုသွားဒီသွား လျှောက်သွားမနေနဲ့"

"ဟုတ်ကဲ့ပါ အမေ"

အသံချဲ့ပြီး ဖုန်းပြောနေသော ခင်စိုးတို့သားအမိ စကားသံများကို ကျွန်တော် အတိုင်းသားကြားနေရသည်။ ကျွန်တော့်မှာ အောင်မင်းဟိန်း ငယ်စဉ်ကလည်း တစ်ဦးတည်းသော သားလေးဟုဆိုကာ အချစ်ကြီးခဲ့ရသည်။ အစစအရာရာတွင်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့သည်။ သို့သော် မြေးလေးကဲ့သို့ ပညာရေးတွင် မထွန်းပေါက်ခဲ့ပေ။ သားအချစ် မြေးအနှစ်ဟု ဆိုရမည်ဖြစ်သည်။ တစ်ဦးတည်းသော မြေးလေး သော်ဇင်ကိုလည်း ရင်နှင့်အမျှ ချစ်နေရသည်။ မိတ္ထီလာ တက္ကသိုလ်တွင် နေ့ကျောင်းတက်နေသော မြေးလေးသော်ဇင်ကို လူပေါင်းမမှားစေရန်၊ မကောင်းတာတွေ မလုပ်ရန်နှင့် ပညာတတ်ကြီးဖြစ်အောင် စာကြိုးစားဖို့ အလျဉ်းသင့်တိုင်း ပြောဆိုဆုံးမနေရသည်။

"ဟဲ့ ခင်စိုး ငါ့မြေးဆီက ဖုန်းလား"

"ဟုတ်တယ် အဖေ။ အဖေ့မြေးက ပိုက်ဆံလိုလို့တဲ့၊ စာမေးပွဲဖြေခါနီးမလို့ သမီးလည်း ဘာမှမပြောဘဲ လွှဲပေးမယ် ဆိုပြီး ပြောလိုက်တာ။ ဒီနှစ်ကျောင်းစရိတ်က အရင်နှစ်ထက် ပိုကုန်နေပြီအဖေ"

"အေး ငါ့မြေး ဘယ်လိုတွေသုံးနေလဲ မသိဘူး။ ညည်းတို့မှာရော လက်ထဲပိုက်ဆံ ရှိလို့လား"

"ရှိတော့ မရှိဘူးပေါ့ အဖေရယ်။ ခဏနေ ကိုအောင်လယ်တောကပြန်လာမှ အိမ်မှာရှိတဲ့ ကုလားပဲနှစ်တင်း သွားရောင်းခိုင်းရမှာ"

"အေးပါ အဆင်ပြေရင်ပြီးတာပါပဲ"

ကျွန်တော် မြင်ယောင်မိသည်။ ကျွန်တော့်သား လယ်တောကပြန်လာလျှင် သူ့မိန်းမခင်စိုးကို တဖျစ်တောက်တောက် မြည်တော့မည်။ အောင်မင်းဟိန်းသည် ဆယ်တန်းကျကာ ပညာရေးဆုံးခန်းမတိုင်ဘဲ အိမ်ထောင်ကျခဲ့သည်။ အသောက်အစားဖက်သော်လည်း အလွန်အကျွံသောက်တတ်သူ မဟုတ်ပေ။ စီးပွားရေးကို အပတ်တကုတ် ကြိုးစားလုပ်ကိုင်၍ မိသားစုကို လုပ်ကျွေးသူဖြစ်သည်။ တောင်သူလုပ်ငန်းသာမက အားလျှင် အားသလို ပွဲစားအလုပ်က တစ်မျိုး၊ အရောင်းအဝယ်အလုပ်ကို တစ်ဖုံနှင့် အလုပ်မျိုးစုံလုပ်၍ ငွေကို သဲကြီးမဲကြီး ရှာဖွေတတ်သူ ဖြစ်သည်။ သို့သော် သူရှာဖွေသလောက်လည်း အိမ်၏စီးပွားရေးမှာ သိပ်အဆင်မပြေလှပေ။ မိသားစု စားဝတ်နေရေး၊ မြေးဖြစ်သူ၏ ကျောင်းစရိတ်၊ တောင်သူစရိတ်များနှင့်ပင် လုံးလည်လိုက်နေသည်။ သည်ကြားထဲ ကျန်းမာရေးတစ်ခုခုဖြစ်လျှင် ခင်စိုး၏ နားကပ်လေးက အိမ်နှင့် အပေါင်ဆိုင်ကို မကြာမကြာ အကူးအသန်းပြုလုပ်ရသေးသည်။ ထိုသို့ အကျပ်အတည်းကြားမှ မြေးလေး၏ ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ကြားပေးသောကြောင့် ကျွန်တော် စိတ်ချမ်းသာနေရသည်။

"ကိုအောင် ပြန်လာပြီလား"

ဂေါ်ကိုထမ်းကာ လယ်တောမှပြန်လာသော အောင်မင်းဟိန်းကို ခင်စိုး လှမ်းမေးလိုက်သည်။ သို့သော် အောင်မင်းဟိန်းက ပြန်မဖြေပေ။

"ကျုပ်တို့လယ်တွေရော ရေရရဲ့လားတော်"

"လယ်ရေရပါတယ်ဟ။ နောက်နေ့တော့ လယ်တွေကို ဓာတ်မြေဩဇာ ကျွေးရမယ်"

"ဓာတ်မြေဩဇာ ကျွေးတာ နောက်ထားဦး ကိုအောင်ရေ၊ တော့်သားက ပိုက်ဆံမှာနေပြီ"

"ဟာ ဒီကောင်ကလည်း မှာပြန်ပြီလား။ အရင်လွှဲပေးထားတာမှ မကြာသေးဘူး။ ပိုက်ဆံတွေ တအားသုံးနေတာ ပိုက်ဆံကို တွင်းထဲကထွက်တယ်ထင်နေသလားမသိဘူး။ မင်းကလည်း အသုံးလေးဘာလေး လျှော့သုံးဖို့ နည်းနည်းပါးပါး ပြောလိုက်ဦး။ တောင်းသမျှပေးမယ်ပဲ လုပ်မနေနဲ့"

အောင်မင်းဟိန်းတစ်ယောက် ခင်စိုးကို အပြစ်တင်နေသည်။ ကျွန်တော်လည်း မနေနိုင်ဘဲ ဝင်ပြောလိုက်မိသည်။

"ဟ အောင်မင်းဟိန်း မင်း ခင်စိုးကိုပဲ အပြစ်တင်မနေနဲ့ ကျောင်းကိုအထားကြီး ထားလာပြီးမှတော့ သူလိုနေရင် ပေးရမှာပဲ"

"ဟာ အဖေကလည်း ပိုက်ဆံက ရှာရတာလွယ်တာမှ မဟုတ်တာ။ ဒီကောင်ကို လျှော့တော့သုံးခိုင်းရမှာပဲ"

"အေး အဲဒါဆိုလည်း ငါ့မြေးပြန်လာမှ မင်းပြောချင်သလောက်ပြော။ အခုတော့ ငါ့မြေးကို ဘာမှသွားမပြောနဲ့ဦး"

အောင်မင်းဟိန်းတစ်ယောက် ဘာမျှမပြောဘဲ နှုတ်ဆိတ်သွားလေသည်။ မြေးလေးကို ပညာတတ်ကြီးဖြစ်စေချင်သည်။ ပညာဖြင့်လည်း အသက်မွေးဝမ်းကျောင်း ပြုစေချင်သည်။ ဘွဲ့ရလျှင် နိုင်ငံ့ဝန်ထမ်း ကျောင်းဆရာတစ်ယောက် ဖြစ်စေချင်သည်။ ကျောင်းဆရာအလုပ်သည် မချမ်းသာနိုင်သော်လည်း 'ကုသိုလ်လည်းရ ဝမ်းလည်းဝ'ဟူသော စကားကဲ့သို့ မတောင့်မတ မကြောင့်မကြဖြင့် စိတ်ချမ်းချမ်းသာသာ နေထိုင်နိုင်သော အလုပ်ဖြစ်သည်။ မြေးပြန်လာလျှင် ပြောပြမည်ဟု ကျွန်တော်တေးမှတ်ထားလိုက်သည်။

(၃)

မြေးလေး စာမေးပွဲဖြေပြီး၍ ဇာတိရွာသို့ ပြန်ရောက်လာသည်။ မြေးက အရင်နှင့်မတူ တစ်မူထူးခြားလာသည်။ မြေး၏ နှုတ်ခမ်းသာမက ပါးစပ်တစ်ခုလုံး ရဲရဲတောက် နီလာသည်။ သွားများတွင်လည်း ကွမ်းချိုးများ တွယ်ကပ်လာသည်။ စာမေးပွဲအကြောင်းနှင့် ထွေရာလေးပါး ပြောဆိုကြ၍ သားအမိသားအဖ သုံးယောက် ရယ်မောပျော်ရွှင်နေကြသည်။ ကျွန်တော်လည်း မနေနိုင်သည့်အဆုံး မြေးဖြစ်သူကို မေးလိုက်သည်။

"ငါ့မြေး မင်း ကွမ်းတွေ စားတတ်နေပြီပေါ့။ ပါးစပ်တွေလည်းရဲပြီး ကွမ်းချိုးတွေတောင် ကပ်နေပြီ"

"ဟဲ.... ဟုတ်တယ် အဘိုးရဲ့၊ သားညညစာကျက်ရင်း အိပ်ငိုက်ကျလွန်းလို့ ဘေးကသူငယ်ချင်းဆီက တောင်းစားရင်းကနေ စားဖြစ်သွားတာ။ အကြိုက်ကြီးတော့ မဟုတ်ပါဘူး အဘိုးရယ်။ တစ်ခါတစ်ရံမှ စားတာပါ"

"အစရှိအနောင်နောင်"ကွဲ့။ မကောင်းတဲ့အရာမှန်းသိရင် အစမလုပ်တာ အကောင်းဆုံးပဲ"

(၄)

အောင်မင်းဟိန်းတို့ လင်မယားငါးရက်တစ်ပတ်ဈေးကိုလိုက်၍ ပုံမှန်ဝယ်ခြမ်းလာကြသည်။ နောက်ဖေး မီးဖိုချောင်တွင်လည်း စားသောက်ဖွယ်ရာများ ပြတ်လပ်သည်မရှိပေ။ ခါတိုင်းဆိုလျှင် မုန့်ဖိုးကို လက်ဖြန့်တောင်းတတ်သော မြေးလေးသော်ဇင်လည်း မုန့်ဖိုးတောင်းသည်ကို မမြင်တော့ပေ။ ခဏနေ ထမင်းဝိုင်းလူစုံမှ အောင်မင်းဟိန်းကို မေးဦးမည်ဟု စိတ်ကူးလိုက်သည်။ နေဝင်ခါနီး အချိန်တွင် ဝိုင်းဖွဲ့ကာ ထမင်းစားသောက်ကြသည်။ ကျွန်တော်လည်း ထမင်းစားရင်း သိချင်သည်များကို မေးလိုက်သည်။

"အောင်မင်းဟိန်း မင်းတို့ အသုံးတွေ ကြမ်းနေပါလား။ သီးနှံပေါ်ချိန်မဟုတ်ဘဲ ငွေရွှင်နေပါလား"

"ဟုတ်တယ်အဖေရေ၊ အဲဒါ အဖေ့မြေးရှာပေးနေတာ။ အဖေသိချင်ရင် အဖေ့မြေးသာ မေးကြည့်တော့"

မြေးဖြစ်သူသော်ဇင်က ပါးစပ်ကြီးဖြဲ၍ ပြုံးပြုံးကြီးလုပ်နေလေသည်။

"ငါ့မြေး ဘာအလုပ်တွေလုပ်နေလို့ ပိုက်ဆံတွေ အဲဒီလောက်ရနေတာတုံး အဘိုးကို ပြောပါဦး"

"ဟဲ...အဘိုးနားလည်အောင် ပြောရမယ်ဆိုရင် ဒီလိုအဘိုးရဲ့။ သားကျောင်းမှာကတည်းက သူငယ်ချင်းတစ်ယောက်အဆက်နဲ့ စလုပ်ခဲ့တာ။ အလုပ်က အွန်လိုင်းရှော့ပေါ့ အဘိုးရယ်။ ကုန်ပစ္စည်းရောင်းပေးရတာ"

"ဟင် ငါ့မြေးလက်ထဲမှာ အဘိုးတော့ ဘာကုန်ပစ္စည်းမှ မမြင်ပါဘူး"

"ဩော် ဒီလိုအဘိုးရဲ့။ အထက်လူဆီက ကုန်ပစ္စည်းပုံကိုယူပြီး သူ့ထက်အမြတ်နည်းနည်းပိုတင်ပြီး လိုင်းပေါ်တင်ရောင်းတာ။ ကုန်ပစ္စည်းအမှာတွေတက်လာရင် ဝယ်သူဆီက ကုန်ပစ္စည်းတန်ဖိုး ငွေလွှဲနဲ့ လိပ်စာတောင်းပြီး အထက်ကလူဆီ သူသတ်မှတ်ထားတဲ့ ပစ္စည်းတန်ဖိုးနဲ့ ဝယ်သူလိပ်စာ ပို့ပေးလိုက်ရုံပဲ။ သားက ပစ္စည်းပေါ်ကအမြတ်နဲ့ ကော်မရှင် အသာထုတ်ယူရုံပဲ"

"ကုန်ပစ္စည်းက ဘာတွေတုံး။ အဲလိုလေးလုပ်ရုံနဲ့ ပိုက်ဆံတအားရနေတာ ဟုတ်ရဲ့လား"

"လူသုံးကုန်ပစ္စည်းပေါ့ အဖေရယ်"

အောင်မင်းဟိန်းက ဝင်ဖြေလေသည်။

"ဟုတ်တယ် အဘိုးရဲ့။ သားအထက်ကသူဆိုရင် တစ်လတစ်လ ဆယ်သိန်းအထက်ရတာ"

"အေးပေါ့ အဲလိုဆိုတော့လည်း အဘိုးလည်း ဝမ်းသာတာပေါ့"

(၅)

အချိန်တွေ ကြာလာသည်နှင့်အမျှ ခင်စိုးနားကပ်လေး တည်ငြိမ်လာသည်။ ခင်စိုးတွင်လည်း ရွှေလေးများ ကပ်လာသည်။ အိမ်တွင်လည်း အပျင်းပြေကြည့်ရန် တီဗွီနှင့် စလောင်းများပါ ဝယ်၍တပ်ဆင်လာသည်။ အောင်မင်းဟိန်းလည်း အရက်သာမက နှစ်လုံး၊ သုံးလုံးပါ ဖက်လာသည်။ အိမ်တွင်လည်း ညတိုင်းလိုလို ဘောလုံးပွဲကြည့်သူများနှင့် ဆူညံလာသည်။

"ဟ ငါတော့ အစောကြီးရှိသေးတယ်။ ရွာထိပ်ကစ မီးလောင်ပြီ သော်ဇင်ရေ"

